ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

### ပညာရှိသူနှင့် ပညာမရှိသောသူ

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း (နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)

၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday, 2 July 2024 ၁၁၅၀၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**ဆီဖူလုံမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေဖို့ ပန်းနှမ်းတိုးချဲ့ စိုက်ပျိုးကြပါစို့**



ဆောင်းပါး စာမျက်နှာ » ၆

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် အမှတ်(၆/၂၀၂၄)**

စာမျက်နှာ » ၈

**မန္တလေးဆိပ်ကမ်းတွင် မြစ်ရေမြင့်တက်နေပြီး ဇူလိုင်လ ပထမ ၁၀ ရက်ပတ်အတွင်း လက်ရှိရေအမှတ်ထက် ခြောက်ပေမှ ၁၀ ပေခန့် မြင့်တက်လာနိုင်**

စာမျက်နှာ » ၁၀






မြစ်ကြီးနားမြို့၌ ဧရာဝတီမြစ်ရေမြင့်တက်လာသဖြင့် မြို့ပေါ်ရပ်ကွက်များအတွင်း ရေများဝင်ရောက်နေမှုကို တွေ့ရစဉ်။

## မြစ်ကြီးနားမြို့၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေဘေးရှောင်စခန်း ၃၀ ဖွင့်လှစ်ကူညီ ကယ်ဆယ်ပေးလျက်ရှိ

မြစ်ကြီးနား ဇူလိုင် ၁

မြန်မာပြည်မြောက်ဖျားပိုင်း ကချင်ပြည်နယ်အတွင်း မေခနှင့်မလိခမြစ်အထက်ပိုင်း၌ မိုးသည်းထန်ရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေသည် ယမန်နေ့နံနက်ပိုင်းမှစတင်ပြီး မြင့်တက်လာခဲ့ရာ မြစ်ကြီးနားမြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ ၁၂၀၀ ရှိသည့်အနက် မြစ်ရေသည် ယနေ့မွန်းလွဲ ၃ နာရီ တိုင်းထွာချက်အရ ၁၃၆၈ စင်တီမီတာကျော်အထိ မြင့်တက်လာခဲ့သဖြင့် ရေများဝင်လျက်ရှိသည့် မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ ကျေးရွာများရှိ လူမှုကူညီရေးအသင်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ○



## မင်းဘူးခရိုင်၌ မဲဇလီရေလှောင်ဆည်မှ ဆည်ရေဖြင့် မိုးစပါးစိုက်ဧက ၈၀၀၀၀ ကျော်အတွက် ပျိုးထောင်ရေများ စတင်ပေးဝေ

မင်းဘူး ဇူလိုင် ၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် မဲဇလီရေလှောင်ဆည်မှ ဆည်ရေဖြင့် မိုးစပါးစိုက်ပျိုးရန် ဧကပေါင်း ၈၀၀၀၀ ကျော်အား စိုက်ပျိုးရေများ ဖြန့်ဝေပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီး ယခုအခါ ပျိုးထောင်ရေများ စတင်ပေးဝေလျက်ရှိကြောင်း မင်းဘူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မဲဇလီရေလှောင်ဆည်မှ ဆည်ရေဖြင့် စိုက်ပျိုးရေများကို မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး(စကု)မြို့နယ်၊ ပွင့်ဖြူမြို့နယ်နှင့် စလင်းမြို့နယ်တို့မှ ဒေသခံတောင်သူများအတွက် နွေ၊ မိုး၊ ဆောင်း သီးနှံစိုက်ပျိုးချိန် ရာသီအလိုက် ဖြန့်ဝေပေးလျက်ရှိရာ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် စိုက်ပျိုးရေများကို ဇွန် ၂၀ ရက်မှစတင်ပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

ကြေးမုံ

# အဖျက်သမားများကို ထိရောက်စွာတိုက်ဖျက်

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော လက်နက်ကိုင်သောင်းကျန်းသူ အဖျက်သမားများအန္တရာယ်ကို တိုင်းရင်းသားပြည်သူများ ယနေ့ထက်တိုင် ကြုံတွေ့ခံစားနေကြရဆဲဖြစ်သည်။ လူမျိုးရေး၊ ဝါဒရေး၊ နိုင်ငံရေး၊ တော်လှန်ရေး အကြောင်းအမျိုးမျိုးခေါင်းစဉ်တပ်ပြီး နိုင်ငံတော်နှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို တိုက်ခိုက်ဖျက်ဆီးနေသည်မှာ ရက်စက်ယုတ်မာသည့် အကြမ်းဖက်လုပ်ရပ်များသာဖြစ်သည်။

ခေတ်အဆက်ဆက်အစိုးရများက နိုင်ငံတော်နှင့် ပြည်သူများကို နှောင့်ယှက်ဖျက်ဆီးခဲ့ကြသော အဖျက်သမားသောင်းကျန်းသူများကို စဉ်ဆက်မပြတ် ရှင်းလင်းဖယ်ရှား တိုက်ဖျက်ခဲ့ကြသော်လည်း နိုင်ငံ၏ပထဝီအနေအထား၊ ရှုပ်ထွေးနက်နဲသည့် ဝိသေသလက္ခဏာများနှင့် ပြည်တွင်း/ပြည်ပ အနှောင့်အယှက် တွန်းအားပယောဂအမျိုးမျိုးတို့ကြောင့် သောင်းကျန်းသူအဖျက်သမားများ ချုပ်ငြိမ်းလိုက်၊ ပြန်ပေါ်လိုက်နှင့် အဆိုးသံသရာတွင် ဝဲလည်လျက်ရှိသည်။ အကျိုးဆက်မှာ နိုင်ငံတော်နှင့် ပြည်သူများ ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

သောင်းကျန်းသူအဖျက်သမားများသည် ဆက်ကြေးကောက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ နိုင်ငံ၏သယံဇာတများကို ခိုးထုတ်ရောင်းချခြင်း၊ မူးယစ်ဆေးဝါးများ ထုတ်လုပ်သယ်ဆောင်ရောင်းချခြင်း စသည့်တရားမဝင်လုပ်ငန်းများကိုလုပ်ကိုင်ပြီး ငွေကြေးလက်နက်တောင့်တင်းလာအောင်ပြုလုပ်ကာ သက်ဆိုးရှည်နေကြခြင်းဖြစ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်း သာယာဝပြောမှုများ ပျက်ပြားစေရန်နှင့် အကြောက်တရားကြီးမားလာစေရန်အတွက် အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ အများပြည်သူအသုံးပြုနေသည့် လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ ပျက်စီးအောင်ဖျက်ဆီးခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

လတ်တလောဖျက်ဆီးမှုအနေဖြင့် ရန်ကုန်မြို့မှ မုံရွာမြို့သို့ မောင်းနှင်ထွက်ခွာသည့် ခရီးသည်တင်ယာဉ်များအား ဇွန်လ ၃၀ ရက်နေ့က ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် ခရီးသွားပြည်သူသေဆုံးမှုနှင့် အများအပြား ထိခိုက်ဒဏ်ရာရရှိသည့်သတင်းကို စိတ်မကောင်းဖွယ်ကြားသိရသည်။ ခရီးသည်တင်မှန်လုံယာဉ် ရှစ်စီးတွင် စီးနင်းလိုက်ပါခဲ့သည့် ခရီးသွားပြည်သူအမျိုးသမီး တစ်ဦးသေဆုံးပြီး သံဃာတော် တစ်ပါးနှင့် အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၀ ဦးတို့ ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

ဖြစ်ပွားမှုကို ကြားသိသည်နှင့် နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့များက လိုအပ်သည့်လုံခြုံရေးကိစ္စများနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရေး အမြန်ဆုံးသွားရောက်ခဲ့ရာ အသင့်စောင့်ဆိုင်းနေရာယူထားသည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ထိတွေ့မှုများဖြစ်ပွားပြီး အကြမ်းဖက်သမားများမှာ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြသည်။ ပစ်ခတ်တိုက်ခိုက်ခံရသည့် ပတ်ဝန်းကျင်တစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးမှုများပြုလုပ်ခဲ့ရာ မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းအလုံး ၃၀ တွေ့ရှိသိမ်းဆည်းခဲ့ပြီး ခရီးသွားပြည်သူများနှင့် ဒဏ်ရာရသူများကို လုံခြုံဘေးကင်းရာသို့ ပို့ဆောင်ပေးခဲ့သည်။

၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲ မဲမသမာမှုကို အကြောင်းပြု၍ နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်ခဲ့ရာတွင် ဒီမိုကရေစီရေး၊ အာဏာရှင်တော်လှန်ရေးဟု ကြွေးကြော်ပြီး ဖွဲ့စည်းခဲ့သည် CRPH နှင့် NUG အကြမ်းဖက်အဖွဲ့သည် ပြည်တွင်း၌ ဒေသခံပြည်သူများကို သွေးထိုးလှုံ့ဆော်မြှောက်ပင့်ပေးပြီး ဖြစ်ပေါ်လာသည့် PDF အမည်ခံ အကြမ်းဖက်သမားများကို ထောက်ပံ့ကူညီအားပေးကာ အဖျက်လုပ်ရပ်များကို လုပ်ကိုင်ခဲ့ရာ ယခုဖြစ်ရပ်အထိ ရဟန်း၊ သံဃာ၊ သီလရှင်နှင့် ဝန်ထမ်းများ၊ အပြစ်မဲ့ပြည်သူ အမြောက်အမြား သေဆုံးထိခိုက်ဒဏ်ရာရမှုများဖြစ်ခဲ့သည်။ ထို့အပြင် ပြည်သူတို့၏ နေအိမ်ဥစ္စာများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများကို ဖျက်ဆီးခြင်းများပြုလုပ်ခဲ့ရာ ဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့သည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်ဘဲ အေးချမ်းစွာ ခရီးသွားလာလျက်ရှိသည့် အများပြည်သူတို့၏ အသက်အန္တရာယ်ကို ထိခိုက်သေကျေပျက်စီးသည်အထိ စက်ဆုပ်ရွံရှာဖွယ် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သည့် CRPH နှင့် NUG အကြမ်းဖက်အဖွဲ့နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများကို ရှင်းလင်းဖယ်ရှား ချေမှုန်းနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ ဆုတ်ခွာသွားသော အကြမ်းဖက်အဖျက်သမားများအား လိုက်လံရှင်းလင်းချေမှုန်းခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။ ပြည်သူများ ဘေးကင်းလုံခြုံစွာ နေထိုင်သွားလာနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို တာဝန်သိပြည်သူများနှင့် လက်တွဲဆောင်ရွက်လျက်ရှိသည်။

တောင်ပေါ်မြေပြန့် နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးအတွက် အဖျက်သမားသောင်းကျန်းသူများအန္တရာယ်ကင်းဝေးရေးကို ဝိုင်းဝန်းလက်တွဲ၍ အရှိန်အဟုန်မြှင့် တိုက်ဖျက်ကြရမည်ဖြစ်သည်။ အဖျက်သမားသောင်းကျန်းသူကင်းဝေးမှသာ ပြည်သူအားလုံး စိတ်အေးချမ်းသာစွာ သွားလာနေထိုင် လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်ထောင်စုကြီးတစ်ခုလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန်အတွက် အဖျက်သမားသောင်းကျန်းသူများကို အရှိန်အဟုန်မြှင့်တင် ချေမှုန်းတိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း။ ။




## ဒိုက်ဦးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဒိုက်ဦး ဇူလိုင် ၁

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကောလိယကြိုးဝိုင်း အကွက်အမှတ်(၁)၊ ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၆၉/၁ နှင့် ၆၉/၂ ကြားတွင် ဇွန် ၂၉ ရက်က သစ်တောဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ အာရှဒေသသစ်တောကဏ္ဍဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် "စံပြသစ်တောများ တည်ထောင်ခြင်း စီမံကိန်း" အထောက်အပံ့ဖြင့် တည်ထောင်သည့် သစ်မျိုးစုံစိုက်ခင်း ရှစ်ဧကတွင် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပဆောင်ရွက်ခဲ့သည်။



**စုပေါင်းစိုက်ပျိုး**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲ၌ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာ သောင်းနိုင်ဦး ဦးဆောင်၍ လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာနနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ နယ်မြေခံ သစ်တောဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပျဉ်းကတိုးပင် ၈၀၀၊ ပိတောက်ပင် ၄၀၀၊ သက်န်းပင် ၂၀၀၊ တမလန်းပင် ၁၅၀၊ ယမနေပင် ၄၀၀၊ ကညင်နီပင် ၂၀၀၊ မဟော်ဂနီပင် ၈၀၀၊ သပြေကြီးပင် ၂၅၀၊ မန်ဂျန်ရှား ၈၂၃ ပင်၊ စုစုပေါင်း ၄၀၂၃ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ကျော်ကျော်(မြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁ - ၇ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၃၃၂ | ၂,၉၈၈,၀၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၅၀ | ၅၆၇ | ၁,၈၈၅,၁၅၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၀ | ၀ |
| FPB | ၁,၇၅၀ | ၁,၇၅၀ | ၁၂၉ | ၂၂၅,၇၅၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |
| EFR | ၁,၉၀၀ | ၁,၉၀၀ | ၅၈၂ | ၁,၁၀၈,၂၅၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၀ | ၀ |
| MAEX | ၃,၄၀၀ | ၃,၄၀၀ | ၁,၂၆၇ | ၄,၃၀၇,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် တက်ရောက်လာကြသူများက အနုပညာရှင်များ၏ သီဆိုကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြိုလှုပ်ရှားမှု "ခေတ်ပြိုင်ဆင်ယင်၊ ယဉ်ကျေးအသွင်၊ တင့်တယ်ခြယ်သ၊ မြန်မာအမျိုးသမီးများအလှ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲ"သို့ တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၁

"ခေတ်ပြိုင်ဆင်ယင်၊ ယဉ်ကျေးအသွင်၊ တင့်တယ်ခြယ်သ၊ မြန်မာအမျိုးသမီးများအလှဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲ"ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-2)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်အားပေးသည်။

၂၀၂၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ကြီးမှူးပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က အဆိုပါ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲကို စီစဉ်တင်ဆက်ခြင်းဖြစ်သည်။

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများဖြစ်သည့် ဒေါ်ခင်သက်ဌေး၊ ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ဇနီး၊ တွဲဖက်အတွင်းရေးမှူး၏ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၏ ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၏ ဇနီးများ၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၏ဇနီးများ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ အမျိုးသမီးအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၏ဇနီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အမျိုးသမီးကော်မတီဥက္ကဋ္ဌ၏ဇနီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမျိုးသမီးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံကျော်အနုပညာရှင်များ၊ အဆိုတော်များ၊ ဒီဇိုင်နာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် "မြန်မာအမျိုးသမီးများနေ့" တေးသီချင်း၊ "ပေါ့ပါးဝတ်ဆင်၊ ယဉ်ကျေးအသွင်" ခေါင်းစဉ်ဖြင့် နာမည်ကျော်ဝတ်စုံဒီဇိုင်နာများ ဖန်တီးဆန်းသစ်ထားသော ဝတ်စုံများ ဝတ်စားဆင်ယင်ပြသမှု၊ "ပြည်ထောင်စုကြီး ထာဝရတည်တံ့စေသား" တေးသီချင်း၊ တိုင်းရင်းသားသီချင်းများအပါအဝင် နိုင်ငံကျော်အဆိုတော်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် "ပြည်ထောင်စုကြီး တို့ရဲ့မြန်မာ" သီချင်း၊ နာမည်ကျော် ဒီဇိုင်နာတို့၏ ဖန်တီးမှုလက်ရာများဖြင့်"ရှုမငြီးစွဲမက်၊ ပိုးမင်းကြီး ပွဲတက်"ဝတ်စားဆင်ယင်ပြသမှုနှင့် တေးသီချင်းများ၊ တစ်ခန်းရပ်ပြဇာတ်များကို တင်ဆက်ပြသကြသည်။

**ဂုဏ်ပြုပန်းစည်းချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယကများက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဂုဏ်ပြုပန်းစည်းချီးမြှင့်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့က လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၏ဇနီးနှင့် တွဲဖက်အတွင်းရေးမှူး၏ ဇနီးတို့က ဖျော်ဖြေတင်ဆက်ပေးကြသော အနုပညာရှင်များကို လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲစီစဉ်သူ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အတွင်းရေးမှူးကို လည်းကောင်း ဂုဏ်ပြုပန်းစည်း ပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယကများက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဂုဏ်ပြုပန်းစည်းချီးမြှင့်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကနှင့် ဥက္ကဋ္ဌတို့က လက်ခံရယူကြစဉ်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယကများ၊ တာဝန်ရှိသူများက အနုပညာရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❖ မင်းဘူးခရိုင်မှ**

ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

မဲဇလီဆည်ရေသောက် ဧရိယာအတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် ဆည်ရေ အလေအလွင့်ဆုံးရှုံးမှုများပြားသည့် မိရိုးဖလာ(ကွက်ဆင့်သောက်)ရေသွင်းစနစ်ကို မကျင့်သုံးဘဲ လယ်ကြားမြောင်းများတူးဖော်၍ ဆည်ရေကို လိုအပ်ချိန်၊ လိုအပ်သောနေရာ၌ စနစ်တကျ ရယူသုံးစွဲတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ လက်တံမြောင်း၊ လယ်ကြားမြောင်းများ တူးဖော်ရေးနှင့် ရေစီးရေလာကောင်းမွန်စေရန် ပေါင်းမြက်ရှင်းလင်းရေး၊ ရေမြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို လယ်လုပ်ငန်းခွင်မစတင်မီ ကြိုတင်ဆောင်ရွက်နိုင်စေရန်အတွက် တောင်သူအသိပညာပေးခြင်း အစီအစဉ်များကို သီးနှံစိုက်ပျိုးမှုရာသီချိန်အလိုက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာအလိုက် ရေအသုံးချသူများအဖွဲ့(WUG)များ ဖွဲ့စည်းပြီး ဆောင်ရွက်မည်ဆိုပါက သက်ဆိုင်ရာဌာန၊ တောင်သူအကျိုးဆောင်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ စိုက်ပျိုးရေကို အကျိုးရှိရှိ ထိရောက်စွာ ရယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဦးစီးအရာရှိဦးရဲထွဋ်အောင်က ပြောသည်။

မဲဇလီဆည်ရေသောက် ဧရိယာအတွင်း၌ နွေစပါးနှင့် နွေသီးနှံများအတွက် စိုက်ပျိုးရေများကို အောင်မြင်စွာပေးဝေနိုင်ခဲ့ပြီး ယခုအခါ မိုးစပါးများစိုက်ပျိုးရန် ပျိုးထောင်ရေများ စတင်ပေးဝေနေပြီဖြစ်ကာ မင်းဘူးခရိုင်၌ ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် မဲဇလီရေလှောင်ဆည်မှ ဆည်ရေများဖြင့် မိုးစပါး ဧကပေါင်း ၈၀၀၀၀ ကျော်အတွက် စိုက်ပျိုးရေများ လုံလောက်စွာ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နိုင်ငံတကာညီလာခံနှင့် (၁၂) ကြိမ်မြောက် နိုင်ငံတကာဥပဒေရေးရာဖိုရမ် တက်ရောက်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့မှရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌ H.E. Mr. Valery D.Zorkin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ "Protection of Rights and Constitutional Supervision"ခေါင်းစဉ်ဖြင့် ဇွန် ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပသည့် နိုင်ငံတကာညီလာခံ (International Conference)နှင့် (၁၂) ကြိမ်မြောက် နိုင်ငံတကာဥပဒေရေးရာဖိုရမ်(XII St. Petersburg International Legal Forum)သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။



အဆိုပါ နိုင်ငံတကာညီလာခံသို့ မြန်မာနိုင်ငံအပါအဝင် အာရှဒေသ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း(Association of Asian Constitutional Courts and Equivalent Institutions – AACC) အဖွဲ့ဝင်နိုင်ငံများရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌနှင့် တရားသူကြီးချုပ်များ၊ အခြားဖိတ်ကြားထားသော ဥပဒေပညာရှင်များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများ တက်ရောက်ခဲ့ကြပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကာကွယ်စောင့်ရှောက်မှု၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း စနစ်ကျင့်သုံးမှုများနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေး အတွေ့အကြုံတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

(၁၂) ကြိမ်မြောက် နိုင်ငံတကာဥပဒေရေးရာဖိုရမ်သို့ နိုင်ငံပေါင်း ၃၀ မှ တရားသူကြီးချုပ်များ၊ ဥပဒေရေးရာဝန်ကြီးများ၊ တရားသူကြီးများနှင့် ဥပဒေပညာရှင်များ တက်ရောက်ကြသည်။

အဆိုပါ နိုင်ငံတကာညီလာခံနှင့် (၁၂) ကြိမ်မြောက် နိုင်ငံတကာဥပဒေရေးရာဖိုရမ်သို့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့်အတူ အဖွဲ့ဝင် ဦးခင်မောင်ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့၌ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းများ ဖွင့်ပွဲကျင်းပ

**တောင်ကြီး ဇူလိုင် ၁**

ရှမ်းပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်အတွင်း ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ခရီးသွားလုပ်ငန်းကို အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေး စီမံဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၁ ရက်နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ တောင်ကြီးဟိုတယ်၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသုံးမျိုး ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကား ပြောကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရှမ်းပြည်နယ်ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ရှင်းလင်းတင်ပြသည်။ အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ဧည့်သည်များနှင့် သင်တန်းသား သင်တန်းသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဟိုတယ်လုပ်ငန်းရှင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**တက်ရောက်လျက်ရှိ**

အဆိုပါ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းတွင် ဟိုတယ်ဧည့်ကြိုဝန်ဆောင်မှုသင်တန်း၊ ဟိုတယ်အိပ်ခန်းဆောင်ဝန်ဆောင်မှုသင်တန်းနှင့် အစားအသောက်နှင့် အဖျော်ယမကာ ဝန်ဆောင်မှုဆိုင်ရာ



သင်တန်းများကို ဇူလိုင် ၁ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၂၃ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများနှင့် သင်တန်းကျောင်းတို့ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ယမန်နေ့ နံနက်ပိုင်းက မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းလက်အောက်ရှိ အမှတ်(၁) သံမဏိစက်ရုံ(ကျောက်စွယ်ကျိုး)သို့ ရောက်ရှိပြီး အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)မှ ထုတ်လုပ်သည့် Steel Billet များဖြင့် Deformed Bar များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အမှတ်(၅) စက်မှုသင်တန်းကျောင်း (မကွေး)သို့ သွားရောက်ပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့်တွေ့ဆုံကာ နိုင်ငံတော်အတွက် လိုအပ်သည့် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာရေးနှင့် စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံ၊ အလုပ်ရုံများအတွက် ကျွမ်းကျင်လုပ်သားများ ဖြည့်တင်းနိုင်ရေး အလေးထားဆောင်ရွက်သွားရန်၊ လေ့ကျင့်သင်ကြားမည့်ဘာသာရပ်များကို ခေတ်နှင့်အညီ နည်းပညာများပေါင်းစပ်ပြီး သင်ကြားဆောင်ရွက်ပေးရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မြန်မာ့ဆေးဝါးလုပ်ငန်း ဆပ်ပြာစက်ရုံ (မကွေး)သို့ ရောက်ရှိရာ စက်ရုံတာဝန်ခံနှင့် စက်ရုံငှားရမ်းဆောင်ရွက်လျက်ရှိသည့် Super Win Win Co., Ltd. မှ တာဝန်ရှိသူများက ဆပ်ပြာထုတ်လုပ်နေမှု၊ စက်စွမ်းအားပြည့်လည်ပတ်နေမှု၊ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ဒုတိယ



စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ဆပ်ပြာစက်ရုံ (မကွေး)ကို ကြည့်ရှုစစ်ဆေးစဉ်။

ဝန်ကြီးက ပြည်တွင်း၌လိုအပ်သော ဆပ်ပြာများ အရည်အသွေးကောင်းမွန်စွာဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက်ရန်၊ ဈေးကွက်သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်နှင့် ကုမ္ပဏီအနေဖြင့်ရရှိသည့် အမြတ်များမှ ဝန်ထမ်းများနှင့် ဒေသကို လူမှုတာဝန်သိမှုလုပ်ငန်း (CSR) များ ဆောင်ရွက်ပေးရန်မှာကြားကာ ဆပ်ပြာထုတ်လုပ်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် Grade Myanmar Co., Ltd. သို့ ငှားရမ်းထားသည့် အချိုရည်စက်ရုံ(မကွေး)သို့ ရောက်ရှိပြီး စက်ရုံအတွင်း သောက်ရေသန့်ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ဇွန် ၂၉ ရက်တွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ရှိ ပြောင်းဖူးထုတ်ကုန် ပစ္စည်းစက်ရုံ (ရန်ပယ်)သို့ သွားရောက်ပြီး အရည်အသွေးပြည့်မီသည့် ပြောင်းဖူးထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ အရည်အသွေးကောင်းမွန်စေရေး အလေးထားဆောင်ရွက်သွားရန်မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းလက်အောက်ရှိ မီးခံအုတ်စက်ရုံ (ရုံးဆိပ်)သို့ သွားရောက်ပြီး အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)အတွက် သံရည်ကျိုလုပ်ငန်းဆောင်ရွက်ရာတွင်လိုအပ်သည့် မီးခံအုတ်နှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး၊ အရည်အသွေးကောင်းမွန်စေရေး အလေးထားဆောင်ရွက်သွားရန်မှာကြားပြီး စက်ရုံအတွင်း ကုန်ထုတ်လုပ်မှု ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ရှိအမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)သို့သွားရောက်ပြီး စက်စွမ်းအားအပြည့်အဝ လည်ပတ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ရန်၊ ထုတ်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အရည်အသွေး ပိုမိုကောင်းမွန်စေရေး တီထွင်ကြံဆဆောင်ရွက်ရန်၊ စက်ရုံအနေဖြင့် ပြည်ပသွင်းကုန် အစားထိုးလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်၍ ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် ချည်ထုတ်လုပ်ခြင်း၊ ဆေးဆိုးခြင်းနည်းပညာများကို အစဉ်အမြဲလေ့လာရန် မှာကြားကာ စက်ရုံအတွင်း ချည်များထုတ်လုပ်နေမှု၊ ပိတ်များရက်လုပ်နေမှု၊ ပိတ်များဆေးဆိုးနေမှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ ပါတီဆက်လက်တည်ထောင် မှတ်ပုံတင်ပေးပါရန် **ရခိုင်အမျိုးသားပါတီ(Arakan National Party)**၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရပါသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေး အမှတ်စဉ်(၁၁/၂၀၂၄) ဆုံးဖြတ်ချက်အရ ယင်းပါတီ၏ ပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေပါ ပုံစံ(ဆ)ဖြင့် ငြင်းပယ်လိုက်ကြောင်းနှင့် ပါတီဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့် လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၇၃၉၅ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၉ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ်သတင်းထုတ်ပြန်ချက်(၁-၇-၂၀၂၄)ရက်နေ့၊ ည(၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၂၃-၆-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀-၆-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၇,၃၉၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၃) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ (တတိယအကြိမ်)ကျင်းပ

နေပြည်တော် ဇူလိုင် ၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (တတိယအကြိမ်)ကို ယနေ့နံနက်ပိုင်းတွင် တည်းခိုရေးစခန်း(ရွာတော်)ရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။





**မဲစာရင်းမှန်ကန်ရေး**

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရသည့် တစ်ခုတည်းသော ရည်ရွယ်ချက်သည် မဲစာရင်းမှန်ကန်ရေးဖြစ်ကြောင်း၊ မဲစာရင်းမှန်ကန်ရေးသည် လူဦးရေစာရင်း မှန်ကန်ပြည့်စုံမှုအပေါ်တွင် မူတည်နေကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် မြေပြင်ကွင်းဆင်း လူဦးရေစာရင်းကောက်ယူရေး လုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး လူဦးရေစာရင်းများကို စိစစ်ပေးခဲ့ကြောင်း၊ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ဇဟိုကော်မတီမှ အသက် ၁၈ နှစ်ပြည့်ပြီးသည့် လူဦးရေစာရင်းများကို ကော်မရှင်သို့ ပေးပို့လျက်ရှိပြီး လူဦးရေစာရင်း(ပထမမူကြမ်း)နှင့် (ဒုတိယမူကြမ်း)တို့ကို လက်ခံရရှိပြီးဖြစ်ကြောင်း။

စာရင်းများကို မြို့နယ်အဆင့် မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲခြင်းစနစ် (Admin and DEO Software) နှင့် ဗဟိုမဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ်(CVLMS) တို့ကို အသုံးပြုပြီး မြို့နယ်အလိုက် မဲရုံတစ်ခုချင်းစီအထိ စာရင်းထည့်သွင်းခြင်းကို ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ တတိယမူကြမ်းကို ထပ်မံပေးပို့လာပြီဖြစ်သည့်အတွက် အလားတူ စာရင်းထည့်သွင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နောက်ဆုံး CVLMS ထဲသို့ ရောက်ရှိသွားသည့် စာရင်းများသည် အခြေခံမဲစာရင်းများဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်မှ ပဉ္စမမြောက်လုပ်ငန်းဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရာ၌ မဲစာရင်းမှန်ကန်ရေးပြင်ဆင်မှုကို ဦးစားပေးလုပ်ဆောင်နေကြောင်း။

ရွေးကောက်ပွဲကော်မရှင် ဝန်ထမ်းများသည် ရွေးကောက်ပွဲအတွေ့အကြုံ အတန်အသင့်ရှိကြပြီဖြစ်ကြောင်း၊သို့သော်လာမည့်အထွေထွေရွေးကောက်ပွဲတွင် တစ်ခါမျှမလုပ်ဖူးသေးသည့် ရွေးကောက်ပွဲစနစ်နှင့် မဲပေးနည်းအသစ်နှစ်ခုလုပ်ရန်ရှိသည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ ကျင့်သုံးနေကျဖြစ်သည့် FPTP စနစ်အပြင် PR စနစ်ကိုပါ အသုံးပြုသွားမည်ဖြစ်၍ မဲလက်မှတ်(Ballot)ဖြင့် မဲထည့်ခြင်းအပြင် အချို့မဲဆန္ဒနယ်များတွင် EVM ဟုခေါ်သည့် အီလက်ထရောနစ် မဲပေးစက်ဖြင့်လည်း မဲပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဝန်ထမ်းများ တက်ရောက်ကြပြီး ဇူလိုင် ၁ ရက်မှ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ ရှေ့ဖုံးမှ

အဆိုပါ မြစ်ရေမြင့်တက်မှုဖြစ်စဉ်ကြောင့် မြစ်ကြီးနားမြို့ပေါ်ရပ်ကွက် ၁၆ ခုနှင့် အာလမ်ကျေးရွာအုပ်စုတို့ရှိ ပြည်သူများအား ဘုန်းတော်ကြီးကျောင်းများနှင့် အခြေခံပညာကျောင်းများတွင် လတ်တလော ရေဘေးရှောင်စခန်း ၃၀ ဖွင့်လှစ်၍ ကူညီကယ်ဆယ်ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များနှင့် မြစ်ရေမြင့်တက်မှုကြောင့် ပြည်သူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ မော်တော်ယာဉ်များ၊ အမြန်ရေယာဉ်ငယ်များနှင့် လှေများ စနစ်တကျစုဖွဲ့၍ အပိုင်းလိုက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် မြစ်ရေထပ်မံမြင့်တက်လာနိုင်ခြေရှိသည့်အပေါ် ပြည်သူများအား အသိပေးပြီး မြေနိမ့်ရပ်ကွက်များ လျင်မြန်စွာရွှေ့ပြောင်းနေရာချထားနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်မှ အောင်ဇေရန်အောင်ဘုရားအထိ စက်လှေများဖြင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် ပြည်သူများအား ရေလွတ်ရာ အမြန်ဆုံးရွှေ့ပြောင်းနိုင်ရေး၊ ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်၍ ရွှေ့ပြောင်းနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ကြသည်။ ယင်းနောက် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ရေကြည်ရပ်ကွက်အတွင်းမှ ရေဘေးရှောင်အိမ်ထောင်စု ၇၉ စုတို့အား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးခဲ့ကြကာ နေ့လယ်စာထမင်းဘူးများကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အောင်ဇေရန်အောင်ဘုရားဝင်းအတွင်း ရွှေ့ပြောင်းနေရာချထားပေးသည့် ရေဘေးရှောင်အိမ်ထောင်စု ၁၁၂ စုတို့အား ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ချက်ပြုတ်စားသောက်နေမှုအခြေအနေများနှင့် အိမ်ထောင်စုများ နေထိုင်မှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် လိုအပ်သည့် အထောက်အပံ့များ ကူညီပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက် မြေမြင့်ဘုန်းကြီးကျောင်းအတွင်း ရေဘေးရှောင်စခန်းဖွင့်လှစ်ထားရှိမှု အခြေအနေများနှင့် လိုအပ်သည်များကို ကျောင်းထိုင်ဆရာတော်ထံ မေးမြန်းလျှောက်ထားကြပြီး ခိုလှုံနေထိုင်လျက်ရှိသော မိသားစုများအား မြစ်ရေ ထပ်မံမြင့်တက်လာနိုင်ခြေရှိသေးသည့်အတွက် ကျန်းမာရေးဂရုစိုက်နေထိုင်ကြရေး၊ လိုအပ်သည်များ အမြန်ဆုံးကူညီပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ကြကာ မိသားစုများအား မုန့်များ လိုက်လံဝေငှကျွေးမွေးခဲ့ကြသည်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ရေဘေးရှောင်စခန်းမှ ဒေသခံပြည်သူများအား ကြည့်ရှုအားပေးစဉ်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းကလည်း မြစ်ကြီးနားမြို့ ဇီးလွန်အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း စည်ပင်သာယာရေးအဖွဲ့၊ အရာထမ်း/ အမှုထမ်းများ၊ Kachin State Clean & Green Team အဖွဲ့ဝင်များနှင့် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြပြီး အဆိုပါ အထက်တန်းကျောင်း ကျောင်းဆောင်များအတွင်း ရွှေ့ပြောင်းနေထိုင်လျက်ရှိသော ရေဘေးရှောင်မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကာ မိသားစုများ အဆင်ပြေစွာ နေထိုင်စားသောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဆီဖူလုံမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေဖို့ ပန်းနှမ်းတိုးချဲ့စိုက်ပျိုးကြပါစို့

**အစိမ်းရောင်အပင်မှ ကိုင်းများစွာ ဖြာထွက်လာပြီး ကိုင်းများအားလုံးမှ အဝါရောင်နေကြာပန်းကဲ့သို့ စိန်ခြယ်ပန်းကဲ့သို့ ပန်းပွင့်လေးများ ပွင့်ဖူးလာသည်။ အပင်တစ်ပင်တွင် ပန်းပွင့် ၄၀ ဝန်းကျင်ပွင့်ဖူးတတ်ပြီး ပွင့်ဖတ်များသည် သက်တမ်းရင့်လာသည့်အခါ အဝါရောင်မှ ရွှေရောင်တောက်ပလာတော့သည်။**

**ကေတာ**

ဆောင်းဝင်ကာလတွင် တောင်တန်းနှင့် မြေပြန့်ဒေသများတွင် တွေ့ရတတ်ပြီး ပန်းပွင့်ချိန်တွင် တစ်ခင်းလုံး ဝါထိန်နေတတ်သည့် ဆီထွက်သီးနှံ ပန်းနှမ်းပင်များဖြစ်သည်။ ပန်းနှမ်းပင်သည် (သိပ္ပံနာမည် Guizotia abyssinica) ဖြစ်ပြီး မူရင်းဒေသမှာ အာဖရိကတိုက်တွင်ဖြစ်သည်။ ဥရောပနိုင်ငံများ၌ ငှက်ငယ်များ အစာကျွေးရန် စတင်စိုက်ပျိုးခဲ့ကြရာမှ ပန်းနှမ်းစေ့သည် သဘော်ဆေး၊ ဆပ်ပြာ၊ ပန်းနှမ်းဆီကြိတ်ဖတ်မှ တိရစ္ဆာန်အစာ (ပဲဖတ်၊ နှမ်းဖတ်)ကဲ့သို့ အသုံးပြုနိုင်သည့်အတွက် အိန္ဒိယ၊ ပါကစ္စတန်နှင့် အရှေ့တောင်အာရှနိုင်ငံများ၌ စိုက်ပျိုးလာကြသည်။



ဆောင်းကာလတွင် စိုက်ပျိုးသည့်သီးနှံဖြစ်ပြီး ပူနွေးသော ဒေသရာသီများ၌ စိုက်ပျိုးဖြစ်ထွန်းသည်။ ပန်းနှမ်းသည် ရေကြမ်း၊ မြေကြမ်း၊ ရာသီဥတုကြမ်းတမ်းမှုကို ခံနိုင်သည့် အပင်အမျိုးအစားဖြစ်သဖြင့် မြန်မာနိုင်ငံ ဒေသအနှံ့စိုက်ပျိုးနိုင်သည့် အပင်တစ်မျိုးဖြစ်သည်။ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် အဓိကစိုက်ပျိုးလျက်ရှိသည်။ ကလော၊ အောင်ပန်း၊ တောင်ကြီးနှင့် မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေး၊ စစ်ကိုင်း၊ အင်းဝ၊ တံတားဦးဝန်းကျင်တွင် တွေ့ရတတ်သည်။

တစ်ရာသီပင်ဖြစ်ကာ မျိုးကွဲအလိုက် သက်တမ်းရက် ၉၀ မှ ၁၅၀ အထိ ရှိတတ်သည်။ ရေငတ်ဒဏ်ခံနိုင်သည့်အတွက် မိုးနည်းရေရှား၊ မိုးခေါင်ဒေသများနှင့် ကိုက်ညီသည့်သီးနှံဖြစ်သည်။

ဆီထွက်သီးနှံစိုက်ပျိုးမှုတွင် အရင်းအနှီးနည်းနည်းဖြင့် သုံးလခန့်ကာလတိုဖြင့် အကျိုးခံစားခွင့်ရသောသီးနှံဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် နေကြာနှင့် ပန်းနှမ်းကို သီးညှပ်စိုက်ပျိုးရာ အထွက်နှုန်း နှစ်ဆခန့် ထွက်ရှိကြောင်း ပညာရှင်များက ဆိုကြသည်။ ပန်းနှမ်းစေ့သည် သေးငယ်ပေ့ါပါးပြီး မျိုးစေ့ချလျှင် ညီညာစေရန် သဲ၊ ပြာတို့နှင့် ရောနှောပြီး စိုက်သင့်သလို ကြဲပက်၍လည်း စိုက်ပျိုးလေ့ရှိသည်။

ပန်းနှမ်းကို အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စိုက်ပျိုးပြီး ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လများတွင် ထွက်ရှိသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စာရင်းအရ ၂၀၂၂ ခုနှစ်တွင် ပန်းနှမ်းရည်မှန်းစိုက်ဧက ၃၄၃၉၁၅ ဧကရှိပြီး အထွက်တင်းပေါင်း ၃၇၆၃၃၁၀ ထွက်ရှိခဲ့သည်။

ပြီးခဲ့သည့် ပန်းနှမ်းရာသီချိန်တွင် သုံးတင်းဝင် (၄၅ ပိဿာ) တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀ ဖြင့် အဖွင့်ဈေးစခဲ့သော်လည်း ယခုအချိန်တွင် ၂၁၀၀၀၀ ဝန်းကျင်နှုန်းအထိ ဈေးကောင်းရရှိခဲ့သည်။

## ပန်းနှမ်းအစေ့များကို ဆီထုတ်လုပ်ရန်အတွက် စိုက်ပျိုးထုတ်လုပ်

ပန်းနှမ်းပင်၏ အပွင့်များသည် အဝါရင့်ရောင်ဖြစ်သည့်အတွက် ပျားနှင့် ဝတ်ရည်စုပ်အင်းဆက်များကို ဆွဲဆောင်နိုင်သည်။ ပန်းနှမ်းအစေ့တွင် အသားဓာတ်၊ အဆီဓာတ်နှင့် ပျော်ဝင်သကြားဓာတ်များ ပါဝင်ပြီး ပန်းနှမ်းအစေ့များကို ဆီထုတ်လုပ်ရန်အတွက် စိုက်ပျိုးထုတ်လုပ်ကြသကဲ့သို့ အနောက်နိုင်ငံများတွင် ငှက်စာအဖြစ် တင်ပို့ရောင်းချကြသည်။

ထို့အတူ ပန်းနှမ်းစေ့(Niger Seed)ကို ကြိတ်ကာ စားသုံးဆီအဖြစ်လည်း အသုံးပြုနိုင်သည်။ တောင်ပေါ်ဒေသတွင် စားသုံးဆီအဖြစ် သုံးစွဲမှုရှိနေသော်လည်း တွင်ကျယ်မှု နည်းပါးနေသေးသည်။ ပန်းနှမ်းဆီသည် ဈေးကွက်ထဲတွင် ရောင်းချနေသော ပြည်ပမှတင်သွင်းလာသည့် စားအုန်းဆီများနှင့်ယှဉ်လျှင် ကျန်းမာရေးအတွက် သင့်လျော်သည့်အတွက် ဆီထွက်သီးနှံအဖြစ် တိုးချဲ့စိုက်ပျိုးရန် အလားအလာရှိသော သီးနှံတစ်ခုဖြစ်သည်။

## ပန်းနှမ်းကို အလှကုန်ပစ္စည်းနှင့် ဆေးဝါးထုတ်လုပ်သည့်လုပ်ငန်းများတွင် အသုံးပြု

ပန်းနှမ်းကို ရှမ်းပြည်နယ်ကဲ့သို့ တောင်ပေါ်ဒေသများတွင် ဆီကြိတ်ပြီး မုန့်လုပ်ငန်းများတွင် အကြော်ဆီအဖြစ် အသုံးပြုလျက်ရှိသည်။ ပြည်ပနိုင်ငံများတွင် ပန်းနှမ်းကို စားသုံးဆီအဖြစ် အသုံးပြုခြင်းထက် အလှကုန်ပစ္စည်းနှင့် ဆေးဝါးထုတ်လုပ်သည့်လုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည်။

ပြည်ပတင်ပို့မှုအနေဖြင့် ပန်းနှမ်းကို အိန္ဒိယနှင့် တရုတ်နိုင်ငံတို့က ဝယ်ယူမှုရှိပြီး ဈေးကောင်းရရှိနေသည်ဟုလည်း သိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပန်းနှမ်း ပြည်ပတင်ပို့မှု တန်ချိန် ၁၀၇၉၇ ဒသမ ၃၅၀ တန် (အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၀၂ သန်း) တင်ပို့နိုင်ခဲ့သည်။

ပန်းနှမ်းသည် မြန်မာနိုင်ငံရှိ ဆီထွက်သီးနှံများတွင် တစ်မျိုးအပါအဝင်ဖြစ်ပြီး ပြည်ပဝင်ငွေရှာဖွေပေးသော သီးနှံအမျိုးအစားတစ်မျိုးလည်းဖြစ်သည်။ ပန်းနှမ်းသည် သမပိုင်းဒေသ သီးနှံအမျိုးအစားဖြစ်သော်လည်း အပူပိုင်းဒေသ၌လည်း စိုက်ပျိုးဖြစ်ထွန်းသည့် အပင်ဖြစ်သည်။

ပန်းနှမ်းပင်၏အရွက်များ ဝါ၍ခြောက်သွေ့ပြီး အစေ့များရင့်မှည့်လာချိန်တွင် ရိတ်သိမ်းရသည်။ ထို့နောက် စိုက်ခင်းထဲတွင် နှစ်ရက်၊ သုံးရက်ကြာ နေလှန်းပြီး တလင်းသို့သယ်ယူ နင်းနယ်ခြွေလေ့ကာ ပန်းနှမ်းစေ့များကို ခြောက်သွေ့အောင်နေလှန်း၍ အိတ်ဖြင့် စနစ်တကျ သိုလှောင်ရသည်။

## တစ်ဧကစိုက်ပျိုးလျှင် ဆီ ၄၂ ပိဿာကျော်ခန့်ရရှိ

ပန်းနှမ်းသီးနှံသည် အပူဒဏ်ကို ခံနိုင်ရည်ရှိသကဲ့သို့ အစိုဓာတ်များလွန်းသည့် အခြေအနေတွင်လည်း အခြားဆီထွက်သီးနှံများထက် ပိုမိုခံနိုင်ရည်ရှိပြီး ရာသီဥတုကြောင့် အထွက်နှုန်းကို များစွာထိခိုက်ခြင်းမရှိသည့်သီးနှံဖြစ်သည်။ တစ်ဧကလျှင် ခုနစ်တင်းမှ ၁၂ တင်းခန့်အထိ ထွက်ရှိ၍ အစေ့တစ်တင်းမှ ဆီခြောက်ပိဿာခန့် ရရှိနိုင်သဖြင့် တစ်ဧကစိုက်ပျိုးလျှင် ဆီ ၄၂ ပိဿာကျော်ခန့် ရရှိနိုင်သည်။ ထို့ပြင် ပန်းနှမ်းဆီကြိတ်ဖတ်များကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သည်။

ပန်းနှမ်းပင်သည် သီးသန့်စိုက်ခင်းဖြင့် စိုက်ပျိုးနိုင်သကဲ့သို့ မိုးသီးနှံများ ရိတ်သိမ်းပြီးချိန်တွင် သီးထပ်အဖြစ်လည်း စိုက်ပျိုးနိုင်သည်။ နေ့တာတို(အလင်းရောင်များစွာမလိုသော) သီးနှံဖြစ်သည့်အတွက် ဥယျာဉ်ခြံများ၊ ရော်ဘာကဲ့သို့ နှစ်ရှည်ပင်များအကြားတွင် ကြားသီးနှံ (သီးညှပ်)အဖြစ်လည်း စိုက်ပျိုးနိုင်သည်။

ပန်းနှမ်းသည် စားသုံးဆီအဖြစ်သာမက တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သလို ပြည်ပဝင်ငွေရှာဖွေပေးနိုင်သည့် သီးနှံအဖြစ်လည်း စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ ပြည်တွင်း စားသုံးဆီဖူလုံမှုကို အထောက်အကူပြုစေနိုင်သလို တစ်ဖက်တစ်လမ်းမှ ပြည်ပဝင်ငွေ ရှာဖွေပေးနိုင်သည့် သီးနှံတစ်ခုဖြစ်သည့်အတွက် တိုးချဲ့စိုက်ပျိုးရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



- **ပန်းနှမ်းသီးနှံသည် အပူဒဏ်ကို ခံနိုင်ရည်ရှိသကဲ့သို့ အစိုဓာတ်များလွန်းသည့် အခြေအနေတွင်လည်း အခြားဆီထွက်သီးနှံများထက် ပိုမိုခံနိုင်ရည်ရှိပြီး ရာသီဥတုကြောင့် အထွက်နှုန်းကို များစွာထိခိုက်ခြင်းမရှိသည့်သီးနှံဖြစ်သည်။ တစ်ဧကလျှင် ခုနစ်တင်းမှ ၁၂ တင်းခန့်အထိထွက်ရှိ၍ အစေ့တစ်တင်းမှ ဆီခြောက်ပိဿာခန့် ရရှိနိုင်သဖြင့် တစ်ဧကစိုက်ပျိုးလျှင် ဆီ ၄၂ ပိဿာကျော်ခန့်ရရှိ**
- **ပန်းနှမ်းသည် စားသုံးဆီအဖြစ်သာမက တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သလို ပြည်ပဝင်ငွေရှာဖွေပေးနိုင်သည့် သီးနှံအဖြစ်လည်း စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ ပြည်တွင်းစားသုံးဆီဖူလုံမှုကို အထောက်အကူပြုစေနိုင်သလို တစ်ဖက်တစ်လမ်းမှ ပြည်ပဝင်ငွေရှာဖွေပေးနိုင်သည့် သီးနှံတစ်ခုဖြစ်သည့်အတွက် တိုးချဲ့စိုက်ပျိုး**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ၅၀၀ ကေဗွီ ဘုရားကြီး - လှိုင်သာယာ လှိုင်မြစ်ကျော်ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ ဝါးတရာကျေးရွာအနီး လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီ ဘုရားကြီး-လှိုင်သာယာ လှိုင်မြစ်ကျော် ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ရှင်းလင်းတင်ပြ

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် လှိုင်မြစ်ကျော် ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ၅၀၀ ကေဗွီ ဘုရားကြီး-လှိုင်သာယာ ဓာတ်အားလိုင်းစီမံကိန်း ၉၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု၊ မြစ်ကျော်တာဝါတိုင်များ တည်ဆောက်ပြီးစီးမှု၊ ကြိုးဆွဲခြင်း လုပ်ငန်းများကို အဖွဲ့လေးဖွဲ့ဖြင့် ဆောင်ရွက်နေမှုနှင့် သတ်မှတ်ရက်အတွင်း ရာနှုန်းပြည့် ပြီးစီးနိုင်ရေး ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ အမြန်ဆုံး သုံးစွဲနိုင်ရေးအတွက် မြစ်ကျော်ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ လုပ်ငန်းများဆောင်ရွက်စဉ် ရေလမ်းကြောင်း အန္တရာယ်ကင်းရှင်းရေးနှင့် ဝန်ထမ်းများ အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေး အဆင့်ဆင့်ကြပ်မတ်ဂရုပြု ဆောင်ရွက်သွားရန်၊ လုပ်ငန်းခွင်သုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီရေးနှင့် လေလွင့်ဆုံးရှုံးမှု မရှိစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် စီမံကိန်း လုပ်ငန်းခွင်အတွင်း မြစ်ကျော်တာဝါတိုင်များ တည်ဆောက်ပြီးစီးမှု၊ မြစ်ကျော်ဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေလမ်းကြောင်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ၅၀၀ ကေဗွီ ဘုရားကြီး-လှိုင်သာယာ ဓာတ်အားလိုင်းသည် မြန်မာနိုင်ငံမြောက်ပိုင်းရှိ ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိလာသော ဓာတ်အားများကို ဓာတ်အားသုံးစွဲမှုများပြားသည့် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့ ဓာတ်အားပျောက်ဆုံးမှု နည်းပါးစွာဖြင့် ဗို့အားပြည့်ဝ တည်ငြိမ်စွာ ပို့လွှတ်နိုင်ရေးအတွက် တည်ဆောက်ခြင်းဖြစ်ပြီး ယခုအခါ စီမံကိန်းလုပ်ငန်းများ၏ ၉၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ လက်ရှိအချိန်တွင် ၂၃၀ ကေဗွီ ဗို့အားစနစ်ဖြင့် နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ ကနဦး ဓာတ်အားပို့လွှတ်နိုင်ရန်အတွက် လှိုင်မြစ်ကျော် ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ပထမပတ်အတွင်း ပြီးစီးနိုင်ရေး လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အင်ဂျင်နီယာများဦးဆောင်၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၂၄၀ ဖြင့် အဖွဲ့ လေးဖွဲ့ ခွဲကာ ကြိုးဆွဲခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ၎င်းဓာတ်အားလိုင်း တည်ဆောက်ပြီးစီးပါက ရန်ကုန်မြို့သို့ ၅၀၀ ကေဗွီ ဘုရားကြီး-လှိုင်သာယာ ဓာတ်အားလိုင်း၊ ၂၃၀ ကေဗွီ ရွှေတောင်-မြောင်းတကာ - လှော်ကား ဓာတ်အားလိုင်း၊ ၂၃၀ ကေဗွီ ကမာနတ်-လှော်ကား ဓာတ်အားလိုင်းနှင့် ၂၃၀ ကေဗွီ ကမာနတ်-သန်လျင်-သီလဝါ ဓာတ်အားလိုင်းတို့ဖြင့် ဗို့အားပြည့်ဝတည်ငြိမ်စွာ ပို့လွှတ်သွားနိုင်မည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ၅၀၀ ကေဗွီ လှိုင်သာယာ(အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံ အဝင်လမ်း ဖောက်လုပ်မည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အလုံမြို့နယ် လျှပ်စစ်မိုးကောင်းဝင်း အတွင်းရှိ အရာထမ်း/ အမှုထမ်းများ နေထိုင်သည့် ဝန်ထမ်းအိမ်ရာများသို့ ရောက်ရှိပြီး အိမ်ရာကြီးကြပ်သူ တာဝန်ခံများ၊ နေထိုင်သူ ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း ဖွင့်ပွဲကျင်းပ

သထုံ ဇူလိုင် ၁

မွန်ပြည်နယ် သထုံမြို့နယ်တွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ်(၈၈)စက်မှုလယ်ယာစခန်းနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(သထုံ)တို့ပူးပေါင်း၍ ဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးရဲမြင့်က သင်တန်းဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်နှင့် သင်တန်း၏အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(သထုံ) ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့ထွေးနှင့် ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဇော်မြင့်တို့က သင်တန်းသားများထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် ဒေသတွင်း လယ်ယာလုပ်ငန်းခွင်များ၌ အသုံးပြုမှုများသည့် တစ်လုံးထိုးလက်တွန်းထွန်စက်၊ ထွန်စက်ကြီး၊ ရိတ်ခြွေစက်နှင့် ကောက်စိုက်စက်များအား စနစ်တကျ မောင်းနှင်ခြင်း ပြုပြင်ထိန်းသိမ်းခြင်းများကို ဇူလိုင် ၁ ရက်မှ ၁၂ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဒုတိယဝန်ကြီး ဦးအေးကျော် ၁၃၂ ကေဗွီ ကလော-တောင်ကြီး အမှတ်(၁) ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ ၆၆ ကေဗွီ ပင်းတယ ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့် ဆွိယာဒ်အတွင်း ဓာတ်အားလွှတ် ပစ္စည်းများ၏ အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ဓာတ်အားခွဲရုံရှိ ဝန်ထမ်းများ လိုက်နာ လုပ်ဆောင်နိုင်ရေးအတွက် မိမိမြို့နယ်အတွင်း ဓာတ်အား ဖြန့်ဖြူးပေးထားမှုကို Single Line Diagram နှင့် ဓာတ်အားခွဲရုံတွင် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်(SOP) များကို Vinyl ရေးဆွဲ၍ ချိတ်ဆွဲထားရှိရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး အထူးအလေးထား ဆောင်ရွက်ကြရန်မှာကြား၍ ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။



ထို့ပြင် ဒုတိယဝန်ကြီးသည် ဇွန် ၂၉ ရက်က မဟာဓာတ်အားလိုင်းမှူးရုံး (နမ့်စန်)က တာဝန်ယူထိန်းသိမ်းသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ၁၃၂ ကေဗွီ ကလော- တောင်ကြီး အမှတ်(၁) ဓာတ်အားလိုင်း ကြံ့ခိုင်မှုရှိစေရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးအတွက် တိုင်အမှတ် ၉၀ နှင့် ၉၁ အကြားတွင် ကြွေသီးထပ်တိုးတပ်ဆင်ခြင်းနှင့် ကြိုးလွန်းဖွာမှု ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုပြီး ဓာတ်အားပိတ်၍ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး၊ သတ်မှတ်ချိန်အတွင်း ပြီးစီးစေရေး ဂရုပြုဆောင်ရွက်ကြရန်၊ ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေး ထိန်းသိမ်းကြံ့ခိုင်ရေး ပုံမှန်စစ်ဆေး ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံသို့ သွားရောက်ပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်းမှ ဓာတ်အားထုတ်လုပ်မောင်းနှင်နေမှု၊ ကျောက်မီးသွေးအခြောက်ခံစက် တည်ဆောက်နေမှုနှင့် ကျောက်မီးသွေးမိုင်းအတွင်း တူးဖော်ထုတ်လုပ်နေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကလောမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဓာတ်အားကောက်ခံမှု မှန်ကန်မှုရှိစေရန် မီတာများ လိုဖတ်/ ပိုဖတ်ခြင်းမရှိစေရေး သတ်မှတ်ကာလအတွင်း မီတာများ မှန်ကန်စွာ ဖတ်ရှုမှတ်တမ်းတင်ရန်၊ ဓာတ်အားခများ အပြည့်အဝ ကောက်ခံရရှိရေးအထူးအလေးထား ဆောင်ရွက်ရန်၊ ဓာတ်အားခငွေများ မသမာမှု မဖြစ်ပေါ်စေရေးအတွက် နေ့စဉ်ကောက်ခံရရှိမှုနှင့် အပ်နှံမှုစာရင်း ကွဲလွဲမှုမရှိစေရေး တိုက်ဆိုင်စစ်ဆေးရန်နှင့် ရပ်/ပျက်/နှေး မီတာများကို ပုံမှန်ကွင်းဆင်းစစ်ဆေးဖော်ထုတ်၍ ဓာတ်အားခဆုံးရှုံးနစ်နာမှု မဖြစ်စေရေး အစားထိုး လဲလှယ်တပ်ဆင်ပေးရန် မှာကြား၍ ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ဝန်ထမ်းနေအိမ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၆/၂၀၂၄)

၁။ နိုင်ငံတစ်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုများ ချမှတ်ဆောင်ရွက်ခြင်းသည် အဆိုပါနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့် ကဏ္ဍအားလုံးအပေါ် ဆိုးကျိုးသက်ရောက်စေပြီး နိုင်ငံသားများ၏ လူမှုစီးပွားအခွင့်အလမ်းများအတွက် အကန့်အသတ်များလည်း ဖြစ်ပေါ်စေနိုင်ပါသည်။

၂။ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသောနိုင်ငံများတွင် ဘဏ်များ၏ အခန်းကဏ္ဍသည်အဓိကကျပြီး လူအများ၏ နေ့စဉ်လူမှုစီးပွားဘဝနှင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းပြည်ပ ကုန်သွယ်မှုများတွင် ဘဏ်ဝန်ဆောင်မှုများကို အားထားဆောင်ရွက်ကြရပါသည်။

၃။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၆) ကြိမ်မြောက် အစည်းအဝေး၌ မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ တင်သွင်းခဲ့သည့် အစီရင်ခံစာတွင် အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့အား အရေးယူပေးရန် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၄။ ဘဏ်များအား ပိတ်ဆို့အရေးယူဆောင်ရွက်ခြင်းသည် ပြည်သူများ၏ စီးပွားရေးအခွင့်အလမ်းများနှင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိခိုက်နစ်နာမှုများစွာ ဖြစ်ပေါ်စေနိုင်ကြောင်း ကော်မရှင်အနေဖြင့် သုံးသပ်မိပါသည်။

၅။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်တစ်ရပ်ဖြစ်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ် (၁)၊ အပိုဒ်ခွဲ (၂) တွင် "... လူတစ်ဦး၏ အသက်မွေးဝမ်းကျောင်းမှုနည်းလမ်းများကို မည်သည့်အကြောင်းနှင့်မျှ ပိတ်ပင်တားမြစ်ခြင်းမရှိစေရ။" ဟု ပါရှိပါသည်။ စီးပွားရေးပိတ်ဆို့ခြင်းများသည် လူ့အခွင့်အရေးရှုထောင့်မှ ရှုမြင်ပါက အပြုသဘော မဆောင်သော အကျိုးသက်ရောက်မှုများသာ ဖြစ်ပေါ်စေနိုင်ပြီး လူမှုစီးပွားဆိုးကျိုးသံသရာ ရှည်ကြာစေနိုင်သည် ဖြစ်၍ပြည်သူများ၏အခြေခံအခွင့်အရေးများ ထိခိုက်နစ်နာမှုမရှိစေရေး သက်ဆိုင်သူအားလုံးက အထူးသတိပြုကြရန် လိုအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပန်းတောင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ပန်းတောင်း ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇွန် ၃၀ ရက်မွန်းလွဲပိုင်းက ပန်းတောင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပန်းတောင်းမြို့နယ် မြောင်ရှည်ကျေးရွာ၌ အထွက်နှုန်းကောင်း ရွှေဒင်္ဂါးမျိုး ပဲစင်းငုံ တစ်ကွင်းတစ်ဆက်တည်း သီးသန့် ဧက ၁၅၀ စိုက်ပျိုးမှုအား သွားရောက်ကြည့်ရှုခဲ့ပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ မိုးဦးနှင့် မိုးနှောင်းကာလတွင်း နှစ်သီး စိုက်ပျိုးသွားရန်နှင့် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးကောင်းမျိုးသန့် ရှာဖွေပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။ ၂၀၂၄-၂၀၂၅ စိုက်ပျိုးရာသီတွင် ပန်းတောင်းမြို့နယ်၌ ပဲစင်းငုံ သီးသန့် ဧက ၁၅၀ နှင့် သီးညှပ် ၄၇၀၆ ဧက စုစုပေါင်း ၄၈၅၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။



ထို့နောက်ပန်းတောင်းမြို့နယ် အုတ်ဖိုကျေးရွာသို့ သွားရောက်၍ အုတ်ဖို-ငါးဆယ်ပေးကျေးရွာ ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်နည်းစနစ်၊ မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးနိုင်ရေးနှင့် ဒေသကြွက်ကို စီးပွားဖြစ်မွေးမြူနိုင်ရေး အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပန်းတောင်းမြို့နယ် မကြီးထုံးကျေးရွာသို့ ရောက်ရှိခဲ့ပြီး တစ်နှစ်မိုးစပါး တစ်သီးသာ စိုက်ပျိုးနိုင်သည့် လယ်မြေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသရေမြေသဘာဝနှင့်ကိုက်ညီသည့် စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်နှင့် တစ်နှစ်အနည်းဆုံး နှစ်သီး စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ၎င်းနောက် ပန်းတောင်းမြို့ ပဲကြီးကျေးရွာ ရေဝတီမြစ်ကမ်းပြိုကာကွယ်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းသည် ရေလမ်းကြောင်းကောင်းမွန်စေရေးနှင့် နုန်းဖမ်းခြင်းကို အဓိကထားဆောင်ရွက်ခြင်းဖြစ်၍ သတ်မှတ်စံချိန်စံညွှန်နှင့်အညီ အချိန်မီပြီးစီးရေး လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပန်းတောင်းမြို့ ရှေးဟောင်းသမိုင်းဝင် ပေါ်တော်မူ(ရှင်ဖြူ)မြတ်စွာဘုရားကြီးအား သွားရောက်ဖူးမြော်ခဲ့ပြီး အဝင်မုခ်ဦးနှင့် ဘုရားကြီးဘက်စုံ ပြုပြင်မွမ်းမံနိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ဓာတ်အားလိုင်းများနှင့်မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဗဟန်းနှင့် လှိုင်မြို့နယ်တို့သို့ ဓာတ်အားဖြန့်ဖြူးပေးထားသော ၆၆ ကေဗွီ ဘုရင့်နောင်-ဆင်မလိုက်(၃၊ ၄)ဓာတ်အားလိုင်းများတစ်လျှောက်တွင် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသောအန္တရာယ်ရှိ သစ်ပင်သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ဇွန် ၃၀ ရက်နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ယာယီဓာတ်အားပိတ်၍ ဆောင်ရွက်ခဲ့ကြသည်။

**ဆောင်ရွက်**

လုပ်ငန်းများဆောင်ရွက်ရာတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အနောက်ပိုင်းခရိုင်လျှပ်စစ်အင်ဂျင်နီယာက အနီးကပ်ကြီးကြပ်၍ ကမာရွတ်နှင့် လှိုင်မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှ မြို့နယ်လျှပ်စစ်မန်နေဂျာများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ ဝန်ထမ်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၈၇ ဦး၊ Pluck FormTruck နှစ်စီး၊ အမှိုက်သိမ်းယာဉ် နှစ်စီးတို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်**

## မွန်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**မော်လမြိုင် ဇူလိုင် ၁**

မွန်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ၏ (၁/၂၀၂၄) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၁ ရက် မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် မွန်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားသည်။

ဆက်လက်ပြီး မွန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး ပြည်နယ်ဦးစီးမှူး ဦးမြတ်သွင်က အသက် ၁၈ နှစ်နှင့် အထက် အတည်ပြု လူဦးရေစာရင်းမှန်ကန်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ကြီးကြပ်မှုကော်မတီ၊ အဖွဲ့ဝင် မွန်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဒုတိယညွှန်ကြားရေးမှူးက မဲဆန္ဒရှင်စာရင်းပြုစုရာတွင် အခြေခံအသုံးပြုမည့် အိမ်ထောင်စုလူဦးရေစာရင်းများ မှန်ကန်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူးတို့က ပြည်နယ်အတွင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် ပြည်နယ်၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များက မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြရာ အစည်းအဝေးသို့ တက်ရောက်လာသူများက ဖြည့်စွက်ဆွေးနွေး တင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ တံတားဦးစီးဌာနမှ အင်ဂျင်နီယာချုပ်များ ဦးဆောင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် လုပ်ငန်းခွင်ရုံးများမှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)များ လာရောက်ဖူးမြော်

နေပြည်တော် ဇူလိုင် ၁

တံတားဦးစီးဌာနမှ အင်ဂျင်နီယာချုပ်များ ဦးဆောင်သော တိုင်းဒေသကြီးနှင့်ပြည်နယ် လုပ်ငန်းခွင်ရုံးများမှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)များပါဝင်သည့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ တည်ထားကိုးကွယ်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ကျောက်စာရုံစေတီများနှင့် ရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခဲ့မှု အင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းစဉ် အဆင့်ဆင့်တို့နှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းဆွေးနွေးကာ အလှူငွေများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝတ်စားဆင်ယင်မှုနှင့်ပဒေသာကပွဲကျင်းပ

ပြည် ဇူလိုင် ၁

၂၀၁၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝတ်စားဆင်ယင်မှုနှင့် ပဒေသာကပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ပြည်မြို့ သီရိခေတ္တရာရတနာ မြို့တော်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ပြည်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးသန့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့က “အမျိုးသမီးရေးရာအဖွဲ့ အင်အားသစ်များနှင့်အတူ” တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ အထက(၁)မှ ကျောင်းသူလေးများ က” ပန်းရည်ဘဏ်တိုက်”၊ “ဗမာမလေးပါ”၊ “ပန်းများ ရောင်စုံပွင့်ဖူးခဲ့ကြသည်” စသည့် တေးသရုပ်ဖော်များဖြင့်လည်းကောင်း၊ အထက(၁)မှ ကျောင်းသား မောင်မင်းမျိုးရာဇာက ဂန္ထဝင်တေးဂီတ သီချင်းဖြင့်လည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့က “မှုံရွှေရည်” သီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေကြသည်။

ထို့နောက် အကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အထက(၁)မှကျောင်းသား ကျောင်းသူများအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးသန့်က အမှတ်တရ လက်ဆောင်များ ပေးအပ်ပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့က “ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့” တေးသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ကိုစိုး(ပြည်)

## မြန်မာ့သမီး မြန်မာ့ထီး

❖ တစ်ပွင့်ပန်းပန်၊ တင့်ဆန်းဟန်<br>
မြန်မာမလေး၊ မြန်မာ့သွေး<br>
ယဉ်ကျေးလိမ္မာ၊ သိမ်မွေ့ကာ<br>
ကြည်သာချိုအေး၊ ဂုဏ်ရည်မွှေး<br>
အေးတယ်လေ့၊ မွှေးတယ်လေ့။

❖ ထောက်ထားငဲ့ညာ၊ ကိုယ်ချင်းစာ<br>
ကြင်နာအားပေး၊ ကူညီဖေး<br>
ရှေ့ရေးမျှော်မြင်၊ အတွေးလျှင်<br>
ဆင်ခြင်နိုင်စွမ်း၊ အသိလွှမ်း<br>
စွမ်းတယ်လေ့၊ လွှမ်းတယ်လေ့။

❖ အမျိုးဘာသာ၊ သာသနာ<br>
ရိုးရာစံနှုန်း၊ ဓလေ့ထုံး<br>
သီကုံးခုံမင်၊ အမြဲဆင်<br>
ဖြူစင်အတွေး၊ စိတ်ကောင်းမွေး<br>
တွေးတယ်လေ့၊ မွေးတယ်လေ့။

❖ မျိုးရိုးရှင်သန်၊ ဗီဇမှန်<br>
မြန်မာ့သမီး၊ မြန်မာ့ထီး<br>
စည်းကမ်းသိက္ခာ၊ စောင့်ထိန်းကာ<br>
သစ္စာတည်စွဲ၊ ခိုင်ကျည်မြဲ<br>
စွဲတယ်လေ့၊ မြဲတယ်လေ့။

❖ သမိုင်းကြောင်းတွင်၊ မော်ကွန်းတင်<br>
အထင်အရှား၊ မြန်မာများ<br>
ကျားမ မဟူ၊ ဂုဏ်ရည်တူ<br>
အတူလျှောက်လှမ်း၊ မျှဝေထမ်း<br>
လှမ်းတယ်လေ့၊ ထမ်းတယ်လေ့။ ။

ရေနံ့သာမောင်ကျော်ညွန့်

## ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်း ဒေသကြီး ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သန်းဇော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက စိုက်ပျိုးသွားမည့် ပျိုးပင်များကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သန်းဇော်ဦး၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများထံ ပေးအပ်သည်။



ထို့နောက် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၃၇၀ ကျော်တို့က မဟော်ဂနီ၊ ငုဝါ၊ ပိတောက်၊ ကံ့ကော်၊ စိန်ပန်းနှင့်ခရေ စုစုပေါင်း ပျိုးပင် ၃၃၃ ပင်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံ ပြိုင်ပွဲရွေးချယ်

ရန်ကုန် ဇူလိုင် ၁

မြန်မာ အမျိုးသမီးများနေ့ အထိမ်းအမှတ် “အမျိုးသမီးများ စွမ်းဆောင်မှု လူမှုဘဝအကျိုးပြု”ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံ ပြိုင်ပွဲရွေးချယ်ပွဲကို ဇွန် ၂၉ ရက်က ရန်ကုန်မြို့တော်ခန်းမ ပထမထပ်ရှိခန်းမကြီး၌ ကျင်းပသည်။



အဆိုပါပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံ ရွေးချယ်ပွဲသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် တာဝန်ရှိသူများက မြန်မာအမျိုးသမီးများ၏ ပညာရေးဆိုင်ရာကဏ္ဍ၊ ကျန်းမာရေးနှင့် အားကစားဆိုင်ရာကဏ္ဍ၊ လူမှုရေးဆိုင်ရာကဏ္ဍ၊ ဘာသာ/သာသနာ အကျိုးပြုလုပ်ငန်းဆိုင်ရာကဏ္ဍတို့တွင် ပါဝင်ယှဉ်ပြိုင်ကြသော ဓာတ်ပုံပညာရှင် ၄၀ ကျော်တို့၏ ပြိုင်ပွဲဝင်ဓာတ်ပုံ ပေါင်း ၂၅၆ ပုံ တို့ကို အကဲဖြတ်စိစစ်ရွေးချယ်ပေးခဲ့ရာ ပထမဆုကို ကိုကိုချမ်း(မိတ္ထီလာ)၊ ဒုတိယဆုကို အောင်မင်းဦး (MCDC)၊ တတိယဆုကို နန်းရှင်းခိုင်တို့ကရရှိပြီး အထူးဆုများအဖြစ် စိုင်းထွန်းနေလှိုင်၊ အောင်မျိုးထွန်း(ရွှေပြည်သစ်)၊ ဖြိုးမောင်မောင်၊ ဦးကြည်ဝင်းနှင့် အောင်ကျော်မင်းတို့က ရရှိကြောင်း သိရသည်။

အောင်မြင့်ဇွေး

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသည့် လူနာများအား အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခြင်းနှင့် စုပေါင်းသွေးလှူဒါန်းနေမှု ကြည့်ရှုအားပေး

မုံရွာ ဇူလိုင် ၁

ရန်ကုန်မှမုံရွာသို့ ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် မောင်းနှင်ထွက်ခွာလာသည့် ခရီးသည်တင်ယာဉ်များကို ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ရာ ခရီးသွားပြည်သူတစ်ဦးသေဆုံးပြီး သံဃာတော်နှစ်ပါးအပါအဝင် ခရီးသွားပြည်သူ ၂၃ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ရာ နယ်မြေလုံခြုံရေးထပ်ဖွဲ့ဝင်များက ဒဏ်ရာရလူနာများအား ခုတင် ၅၀၀ ဆံ့ မုံရွာပြည်သူ့ဆေးရုံကြီးသို့ အချိန်မီပို့ဆောင်ခဲ့သည်။



အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင် / မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ယမန်နေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှု အားပေးစကားများပြောကြားကာ ထောက်ပံ့ငွေများနှင့် အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ကြပြီး လိုအပ်သည့် ကုသရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ကျင်းပသော ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ဇနီးများက တိုင်းဒေသကြီးတရားလွှတ်တော်ရုံး၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး / မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး တာဝန်ရှိသူများနှင့်အတူ အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## ညောင်လေးပင်မြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ညောင်လေးပင် ဇူလိုင် ၁

လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၁ ရက်က ညောင်လေးပင်မြို့နယ် ဝါးရုံကုန်းကျေးရွာအုပ်စု ကွင်းအမှတ် (၂၂၃) ဦးပိုင်အမှတ် (၅/၂) တောင်သူ ဦးဇော်လင်းထွန်း၏ လယ်မြေဧက ၅ ဒသမ ၇၀ ရှိ ဆင်းသုခစပါးခင်း၌ ဆောင်ရွက်ကြသည်။

မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်နှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းနိုင်တို့က လက်ဆွဲကောက်စိုက်စက်၏ ထူးခြားချက်၊ အားသာချက်များ၊ စွမ်းဆောင်ချက်များ၊ အထွက်နှုန်းကောင်းအောင် စိုက်ပျိုးရေးနည်းစနစ်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး ကျွမ်းကျင်ဝန်ထမ်းများက လက်တွေ့သရုပ်ပြစိုက်ပျိုးပေးကြသည်။

ကွင်းသရုပ်ပြပွဲသို့ ညောင်လေးပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ခရိုင်အဆင့်စိုက်/ကြပ်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အဆင့် စိုက်/ကြပ်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံတောင်သူများ စုစုပေါင်း ၈၀ ခန့်တက်ရောက်ကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

## မန္တလေးဆိပ်ကမ်းတွင် မြစ်ရေမြင့်တက်နေပြီး ဇူလိုင်လ ပထမ ၁၀ ရက်ပတ်အတွင်း လက်ရှိရေအမှတ်ထက် ခြောက်ပေမှ ၁၀ ပေခန့် မြင့်တက်လာနိုင်

မန္တလေး ဇူလိုင် ၁

မန္တလေးဆိပ်ကမ်းတွင် ဧရာဝတီမြစ်ရေ မြင့်တက်လာရာ ဇူလိုင် ပထမ ၁၀ ရက်ပတ် ခန့်မှန်းချက်များအရ လက်ရှိရေအမှတ်ထက် ခြောက်ပေမှ ၁၀ ပေခန့်ထိ မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ-မန္တလေး)မှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။



ယနေ့ ဇူလိုင် ၁ ရက် မွန်းလွဲပိုင်းအချိန် မြစ်ရေတိုင်းထွာချက်များအရ မန္တလေးဆိပ်ကမ်း ဧရာဝတီမြစ်ရေသည် ၈၉၃ စင်တီမီတာတွင်ရှိပြီး စိုးရိမ်ရေအမှတ် ၁၂၆၀ စင်တီမီတာသို့ ရောက်ရှိရန် ၁၂ ပေခန့်အလိုတွင် ရောက်ရှိပြီဖြစ်သည်။

"နှစ်စဉ် မိုးဦးရာသီအကုန် မိုးလယ်ရာသီ စတင်တာနဲ့ မုတ်သုံမိုးတွေလည်း မြန်မာနိုင်ငံအထက်ပိုင်းဒေသတွေမှာ ပျံ့ပျံ့နှံ့နှံ့ရွာသွန်းပြီး မကြာခင်မှာ မြစ်ရေတိုးလာတယ်။ မြစ်ဖျားပိုင်းမှာ မြစ်ရေတိုးလာရာကနေ ရေကြီးရာသီ စတင်တာပါ။ ဧရာဝတီမြစ်အလယ်ပိုင်းဒေသတွေရဲ့ မြစ်ရေမှတ်တမ်းတွေအရ ဇူလိုင်လ ဒုတိယပတ်ကနေ ဩဂုတ်လ ဒုတိယပတ်ထိ မြစ်ရေကြီးတဲ့အကြိမ်ရေများတာ တွေ့ရတယ်" ဟု ၎င်းက ပြောသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်းက ဧရာဝတီမြစ်အထက်ပိုင်း မြစ်ကြီးနားမြို့တွင် ရှစ်ပေခန့် သိသိသာသာ မြင့်တက်လာခဲ့ရာ စိုးရိမ်ရေအမှတ် ၁၂၀၀ စင်တီမီတာအထက် ၁၅၂ စင်တီမီတာ (ငါးပေခန့်)ကျော် လွန်ရောက်ရှိခဲ့ကာ လာမည့် နှစ်ရက်တွင်လည်း နှစ်ပေခန့် မြင့်တက်လာဖွယ်ရှိကြောင်း၊ အလားတူ မန္တလေးဆိပ်ကမ်းတွင် လာမည့် ၁၀ ရက်အတွင်း ဧရာဝတီမြစ်ရေသည် ခြောက်ပေမှ ၁၀ ပေခန့် မြင့်တက်လာနိုင်ကြောင်း သိရသည်။

"မန္တလေးဆိပ်ကမ်းမှာ လာမယ့် တစ်ရက် နှစ်ရက်အတွင်း မြစ်ရေက အနည်းငယ်ကျဆင်းနိုင်ပြီး ဇူလိုင် ၃ ရက် နောက်ပိုင်းမှာ ဆက်တိုက်တိုးလာနိုင်ပါတယ်။ မိုးလေဝသနဲ့ ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကလည်း ဇူလိုင်လပထမ ၁၀ ရက်ပတ်အတွင်းမှာ မြစ်ရေက ခြောက်ပေကနေ ၁၀ ပေခန့်တိုးလာနိုင်တယ်လို့ ထုတ်ပြန်ထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြစ်ရေကြီးမှုကြောင့် ဖြစ်ပေါ်နိုင်သည့် သဘာဝဘေးလျော့ပါးရေးနှင့် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နိုင်ရန် မြစ်ရေကြီးခြင်း သတိပေးချက်များကို မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပြီး အများပြည်သူအနေဖြင့် ရေကြီးရေလျှံမဖြစ်ပေါ်မီ၊ ရေကြီးရေလျှံစဉ်နှင့် ယင်းနောက်ပိုင်း ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ကြိုတင်ပြင်ဆင်ကြရန်လိုကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

## ရမည်းသင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရမည်းသင်း ဇူလိုင် ၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက် ၇ နာရီက ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သန့်ရှင်းရေးဆောင်ရွက်ရာတွင် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့်အဖွဲ့ဝင်များက လိုက်လံကြီးကြပ်စီမံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ချက်အား ကျော်လွန်၍ အိမ်ရာချေးငွေ (Housing Loan) ထုတ်ချေးထားသည့် ပုဂ္ဂလိကဘဏ်များအား အရေးယူဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁**

နိုင်ငံတော်အနေဖြင့် ပြည်တွင်းစီးပွားရေးတည်ငြိမ်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပုဂ္ဂလိကဘဏ်များ၏ ချေးငွေဝန်ဆောင်မှု ပုံစံအသစ်ပေးရန်နှင့် ပြည်သူများအတွက် အိမ်ရာပိုင်ဆိုင်မှု အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာစေရန်အတွက် ချေးငွေသက်တမ်း (၃)နှစ်ထက်ပိုသော အိမ်ရာချေးငွေများထုတ်ချေးခြင်းကို စုစုပေါင်းဘဏ်ချေးငွေအပေါ်မူတည်၍ ထုတ်ချေးခွင့်ပြုလျက်ရှိသည်။

သို့ရာတွင် အချို့သောပုဂ္ဂလိကဘဏ်များအနေဖြင့် ၎င်းတို့အကျိုးအမြတ်ပိုမိုရရှိစေရေးအတွက် ဗဟိုဘဏ်၏ညွှန်ကြားချက်အား ကျော်လွန်ဖောက်ဖျက်ကာ အိမ်ရာချေးငွေများအား များပြားစွာထုတ်ချေးလျက်ရှိကြောင်း သိရှိရသဖြင့် ပုဂ္ဂလိကဘဏ်များအား လိုအပ်သော စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။ ထိုသို့စစ်ဆေးခဲ့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ချက်အားကျော်လွန်၍ အိမ်ရာချေးငွေထုတ်ချေးထားသည့် အောက်ပါပုဂ္ဂလိကဘဏ် ၇ ခုအား စိစစ်တွေ့ရှိရပါသည်-

(က) ရိုးမဘဏ်မှ ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် ၁၁ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

(ခ) မြန်မာနိုင်ငံသားများဘဏ်မှ ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် ၈.၉၄ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

(ဂ) ဧရာဝတီဘဏ်မှ ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် ၁.၉၆ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

(ဃ) အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်မှ ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် ၁.၀၁ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

(င) ယူအေဘီဘဏ်မှ ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် ၃.၃၈ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

(စ) မြန်မာမက်ထရိုဘဏ်မှ ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် ဂ.၃၉ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

(ဆ) ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်မှ ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် ၁၆.၃၄ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

အဆိုပါဘဏ်များမှ ကျော်လွန်ထုတ်ချေးထားသည့် ချေးငွေများအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကထုတ်ပြန်ထားသော အိမ်ရာချေးငွေနှင့်ပတ်သက်သည့် သတ်မှတ်ချက်အတိုင်း သတ်မှတ်ထားသောကာလအတွင်း ပြန်လည်ရောက်ရှိစေရေးအတွက် တာဝန်ရှိသူများမှ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး သတ်မှတ်ချက်အား ကျော်လွန်ဖောက်ဖျက်ဆောင်ရွက်ခဲ့သည့် ပုဂ္ဂလိကဘဏ် ၇ ခုမှ တာဝန်ရှိသူများကိုလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

သတ်မှတ်ချက်အား ကျော်လွန်ထုတ်ချေးထားသည့် ချေးငွေများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၁၅၄ အရ ဥပဒေနှင့်အညီ ထိရောက်သော ဒဏ်ကြေးပေးဆောင်စေမည်ဖြစ်ပြီး ပုဂ္ဂလိကဘဏ်များအား စစ်ဆေးကြီးကြပ်ကွပ်ကဲရန်အားနည်းခဲ့သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများအားလည်း စိစစ်ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ရှစ်ခရိုင် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



**ပုသိမ် ဇူလိုင် ၁**

၂၀၂၄ ခုနှစ် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ရှစ်ခရိုင် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများနှင့် အသင်းနည်းပြ၊ အုပ်ချုပ်သူများ၊ ဘောလုံးဝါသနာရှင်ပြည်သူများ တက်ရောက်သည်။

ဗိုလ်လုပွဲတွင် ကျုံပျော်ခရိုင်ဘောလုံးအသင်းနှင့် မြောင်းမြခရိုင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ကျုံပျော်ခရိုင်ဘောလုံးအသင်းက မြောင်းမြခရိုင်ဘောလုံးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ဂိုးအကောင်းဆုံးဆု၊ နေရာအလိုက် အကောင်းဆုံးကစားသမားဆုများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု ရရှိသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများကလည်းကောင်း၊ ဒုတိယဆုရ မြောင်းမြခရိုင်အသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကို တိုင်းဒေသကြီးတရားသူကြီးချုပ် ဦးဝင်းမြင့်ကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပထမဆုရရှိသည့် ကျုံပျော်ခရိုင်အသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ပေးအပ်ချီးမြှင့်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် Mobile Journalism သင်တန်းဆင်းပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၁**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ဖွင့်လှစ်သည့် Mobile Journalism သင်တန်းကို ယနေ့ နံနက်ပိုင်းက နေပြည်တော်(တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Conference Room ၌ ကျင်းပသည်။

ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ဆက်လက်၍ အဖွဲ့လေးဖွဲ့၏ Plan Story သတင်းများ ရှင်းလင်းတင်ပြမှုများအပေါ် သုံးသပ်ဆွေးနွေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်း လက်မှတ်များနှင့် အဖွဲ့လိုက်ထူးချွန်ဆုများကို ချီးမြှင့်ပြီး သင်တန်းသား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းသားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သင်တန်းတွင် သတင်းရေးသားနည်း၊ သတင်းအတတ်ပညာ၊ အင်တာဗျူးဆောင်ရွက်ရာတွင် လိုက်နာရမည့်အချက်များ၊ သတင်းသမားများ လိုက်နာရန် အခြေခံအချက်များ၊ သတင်းထောက်များ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနှင့် ရိုက်ကူးခြင်း၊ တည်းဖြတ်ခြင်း၊ ပေးပို့ခြင်း၊ လက်တွေ့ဆောင်ရွက်ခြင်းတို့ကို ပြင်ပမှပညာရှင်များနှင့် ဌာနရှိ အတွေ့အကြုံရှင့် သင်တန်းနည်းပြများက ရုပ်မြင်သံကြားနှင့် ရေဒီယိုဌာနခွဲမှ သင်တန်းသား ၂၀ အား ဇွန် ၅ ရက်မှ ဇူလိုင် ၁ ရက်ထိ တစ်လကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျုံပျော်ခရိုင်၌ အောင်ပွဲရ အမျိုးသမီးဘောလုံးအသင်းအား ကြိုဆိုဂုဏ်ပြု



**ကျုံပျော် ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ရှစ်ခရိုင် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အောင်ပွဲရရှိခဲ့သော ကျုံပျော်ခရိုင်အသင်းအား ကြိုဆိုဂုဏ်ပြုပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့တွင် ယနေ့နံနက် ၁၁ နာရီက ပြုလုပ်သည်။

**ကြိုဆို**

ဦးစွာ ပထမဆုရ ကျုံပျော်ခရိုင် ဘောလုံးအသင်းအား ဦးဖိုးခလမ်းတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ ပြည်သူများက ဂုဏ်ပြုပန်းကုံးစွပ်ခြင်း၊ သပြေခက်များ၊ အောင်ပန်းများ ချီးမြှင့်ခြင်းတို့ဖြင့် ကြိုဆိုခဲ့ကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဂုဏ်ပြုပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အားကစားသမားတစ်ဦးချင်းထံသို့ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ကျုံပျော်ခရိုင်ဘောလုံးအသင်းအနေဖြင့် ဗိုလ်လုပွဲတွင် မြောင်းမြခရိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားကာ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပထမဆုဖလားကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ် ဖွဲ့စည်းရေးအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ ဖိတ်ခေါ်ခြင်း

၁။ သတင်းမီဒီယာဥပဒေပုဒ်မ ၁၃ အရ "မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ"ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၃၁-၁၀-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၄၄/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့ရာ ကောင်စီ၏သက်တမ်းသည် ၃၀-၁၀-၂၀၂၄ ရက်နေ့တွင် ၃နှစ် သက်တမ်းကုန်ဆုံးမည် ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် သတင်းမီဒီယာနည်းဥပဒေ ၁၈(ခ)အရ "အဖွဲ့သည် ကောင်စီ၏သက်တမ်း ၃ နှစ်မပြည့်မီ အနည်းဆုံး ၃လ ကြိုတင်၍ ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အသစ်ဖွဲ့စည်းမည့် ကောင်စီကို ရွေးချယ်တင်မြှောက်ရမည်" ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်နေရာများအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ ဖိတ်ခေါ်အပ်ပါသည်။

၃။ သတင်းမီဒီယာနည်းဥပဒေ ၁၀ အရ သတင်းမီဒီယာသမားများ၊ သတင်းအေဂျင်စီများ၊ ပုံနှိပ်သူများ၊ ထုတ်ဝေသူများနှင့် ဖြန့်ချိသူများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ကာတွန်းရုပ်ပြ ဆရာများစသည့် သတင်းမီဒီယာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်လောင်းများ၊ လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သည့် လူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်လောင်းများ၊ တစ်ဦးချင်းရွေးချယ်ခံမည့် (အခြားနယ်ပယ်များ)မှ ကိုယ်စားလှယ်လောင်းများ၊ တစ်ဦးချင်းရွေးချယ်ခံမည့် သတင်းမီဒီယာသမား ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ ကောင်စီဝင်ရွေးချယ်ရာတွင် ကိုယ်စားလှယ်လောင်းများအတွက် အရည်အချင်း သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **သတင်းမီဒီယာအဖွဲ့အစည်းများ**

(၁) အဖွဲ့အစည်းအလိုက် ကိုယ်စားလှယ်ဦးရေ တင်သွင်းနိုင်သည်။

(၂) အသင်းဖွဲ့စည်းပုံ စည်းမျဉ်းရှိရမည်။

(၃) သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် လှုပ်ရှားမှုရှိရမည်။

(၄) နိုင်ငံခြားလက်အောက်ခံ အဖွဲ့အစည်းမဖြစ်စေရ။

(ခ) **တစ်ဦးချင်းရွေးချယ်ခံမည့် သတင်းမီဒီယာသမားများ**

(၁) သတင်းမီဒီယာလုပ်ငန်းတွင် လေးစားအပ်သောရင့်ကျက်သည့် လုပ်ငန်းအတွေ့အကြုံ(၁၀)နှစ်နှင့်အထက် ရှိရမည်။

(၂) သိသာထင်ရှားသော သတင်းမီဒီယာလုပ်ငန်းဆောင်ရွက်ခဲ့ဖူးသည့် မှတ်တမ်းကောင်းရှိရမည်။

(၃) အချိန်မှန်ထုတ်ဝေသော သတင်းစာ/ဂျာနယ်များအား ထုတ်ဝေသူ/အမှုဆောင် အရာရှိချုပ်/အယ်ဒီတာချုပ် (သို့မဟုတ်) ရုပ်သံလွှင့် မီဒီယာသတင်းခန်းမှ အမှုဆောင် ထုတ်လုပ်ရေးမှူးနှင့်အထက် တာဝန်ရှိသူဖြစ်ရမည်။

(၄) နိုင်ငံခြားအဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်သူ မဖြစ်စေရ။

(၅) သတင်းမီဒီယာ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဈ)နှင့်အညီ လိုက်နာသောပုဂ္ဂိုလ်ဖြစ်ရမည်။

(ဂ) **တစ်ဦးချင်းရွေးချယ်ခံမည့် အခြားနယ်ပယ်မှ ကိုယ်စားလှယ်လောင်းများ**

(၁) သက်ဆိုင်ရာနယ်ပယ်တွင်လေးစားအပ်သောရင့်ကျက်သည့် လုပ်ငန်းအတွေ့အကြုံရှိရမည်။

(၂) သက်ဆိုင်ရာနယ်ပယ်တွင် သိသာထင်ရှားသော လုပ်ငန်းဆောင်ရွက်ခဲ့ဖူးသည့် မှတ်တမ်းကောင်းရှိရမည်။

(ဃ) **ကိုယ်စားလှယ်လောင်းအားလုံးအတွက် သတင်းမီဒီယာနည်းဥပဒေ အခန်း(၃)၊ ကောင်စီဝင်ရွေးချယ်တင်မြှောက်ခြင်း နည်းဥပဒေ ၇ တွင် ဖော်ပြထားသည့် အောက်ပါအချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သူအား ကောင်စီဝင်လောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်း မပြုရ-**

(၁) နိုင်ငံ့ဝန်ထမ်းဖြစ်ခြင်း။

(၂) မကျန်းမာမှုကြောင့် ကောင်စီ၏လုပ်ငန်းတာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိခြင်း။

(၃) အကျင့်စာရိတ္တပျက်ပြားမှုနှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှား စီရင်ခြင်းခံရဖူးသူဖြစ်ခြင်း။

(၄) နိုင်ငံရေးပါတီတစ်ခုခုတွင် အမှုဆောင်ရာထူးတာဝန်ထမ်းဆောင်နေသူဖြစ်ခြင်း။

၅။ အဆိုပြုလွှာပုံစံများကို (၁-၇-၂၀၂၄)ရက်နေ့မှစတင်၍ နံနက် (၉:၀၀)နာရီမှ မွန်းလွဲ(၁၆:၃၀) နာရီအတွင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ၊ အမှတ်(၄)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး (၃၀-၇-၂၀၂၄) ရက်နေ့ မွန်းလွဲ (၁၆:၃၀)နာရီမတိုင်မီ အချိန်အတွင်း အဆိုပြုလွှာပုံစံများကို နောက်ဆုံးထား ပြန်လည်တင်သွင်းရပါမည်။

၆။ အသေးစိတ် အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃ နှင့် ၀၁-၈၆၀၄၇၅၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၇။ ရွေးချယ်တင်မြှောက်ပွဲပြုလုပ်မည့်နေ့ကို သီးခြားကြေညာပါမည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့**
အမှတ်(၄)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးရာသီ သစ်စိမ်းမြေဩဇာ ထည့်သွင်းထွန်ယက်ပွဲ ကျင်းပ

မအူပင် ဇူလိုင် ၁

ဧရာဝတီ တိုင်းဒေသကြီး မအူပင်မြို့နယ် ခနောင်ထော် ကျေးရွာတွင် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးရာသီ သစ်စိမ်းမြေဩဇာ ထည့်သွင်းထွန်ယက်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။



အဆိုပါ သစ်စိမ်းမြေဩဇာ ထည့်သွင်း ထွန်ယက်ပွဲကို ခနောင်ထော်ကျေးရွာရှိ တောင်သူ ဦးသက်ဦး၏ ကွင်းအမှတ်(၉၃၂) ဦးပိုင်အမှတ်(၃၀/၁) ဧရိယာ ငါးဧကတွင် ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်မင်းထွန်းက တက်ရောက်လာသည့် တောင်သူများအား သစ်စိမ်းမြေဩဇာ ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာ အာဟာရ ပိုမိုကောင်းမွန်စေကြောင်း၊ သီးနှံများအထွက်နှုန်း တိုးစေကြောင်းနှင့် ကုန်ကျစရိတ်နည်းစေကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် တောင်သူများက သိလိုသည်များကို ပြန်လည်မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## တောင်ငူမြို့နယ်၌ စစ်တောင်းမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား ကျင်းပ

တောင်ငူ ဇူလိုင် ၁

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒေသအတွင်းငါးသယံဇာတ တိုးပွားလာစေရန်၊ ငါးရိက္ခာဖူလုံမှုရှိစေရန်နှင့် ဒေသရင်းငါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှုမှ ကာကွယ်ရန်အတွက် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက စစ်တောင်းမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက စစ်တောင်းတံတားအနီး၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ငါးမျိုးစိုက်ထည့်ခြင်းကြီးကြပ်မှုကော်မတီအဖွဲ့၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြင့်ဦးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သနပ်ပင်ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးအောင်မျိုးဦးတို့ တက်ရောက်ခဲ့ကြပြီး စစ်တောင်းမြစ်ရေပြင်အတွင်းသို့ နှစ်လက်မအရွယ် ရွှေဝါငါးကြင်းသားပေါက် ကောင်ရေ ၅၀၀၀၀၊ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမကြီးသားပေါက် ကောင်ရေ ၁၀၀၀၀၀ စုစုပေါင်းကောင်ရေ ၂၅၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**



## ချောင်းဆုံမြို့နယ်၌ ရတနာထွန်း(လယ် / ထွေ)သမဝါယမအသင်းလီမိတက်က ထောက်ပံ့ငွေပေးအပ်

ချောင်းဆုံ ဇူလိုင် ၁

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ဇူလိုင် ၆ ရက်တွင် ကျရောက်မည့် (၁၀၂)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်သမဝါယမဦးစီးဌာနက ဦးဆောင်ကာ ရတနာထွန်း(လယ်/ထွေ)သမဝါယမအသင်းလီမိတက်၏ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၉ ရက်က မုဒ္ဒွန်းကျေးရွာ သီဟိုဠ်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။



### ထောက်ပံ့ပေးအပ်

ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်ထွေးက အဖွင့်အမှာစကားပြောကြားကာ ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရတနာထွန်း (လယ်/ထွေ)သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးထွန်းရီနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသည့် အသင်းသား ၈၀ တို့အား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ရှစ်သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လှိုင်သာယာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ လှိုင်သာယာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီက အသင်းရုံးခန်းမ၌ ကျင်းပခဲ့သည်။

လှိုင်သာယာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးမောင်ဝင်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး လှိုင်မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမင်းသန့်က အမှာစကားပြောကြားသည်။

### ပေးအပ်

ယင်းနောက်အသင်းမှ တာဝန်ရှိသူများက အသင်းသားများအား ရင်းနှီးအစုပေါ်ခွဲဝေငွေနှင့် လက်ဆောင်ပစ္စည်းတန်ဖိုး ငွေကျပ် ၃၁၅၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ကျော်(ပြန်/ဆက်)**

# ဂါဇာဒေသတွင် အစ္စရေး၏ရည်မှန်းချက်များ ပြီးမြောက်အောင်မြင်သည်အထိ တိုက်ခိုက်သွားမည်ဟု နေတန်ယာဟု ပြောကြား



ဂျေရုဆလင် ဇူလိုင် ၁

ဂါဇာဒေသတွင် ဟားမတ်စ်အဖွဲ့အား ချေမှုန်းရေးအပြင် အစ္စရေး၏ ရည်မှန်းချက်များ ပြီးမြောက်အောင်မြင်သည်အထိ တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားခဲ့သည်ဟု ယနေ့ အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

အစ္စရေးတပ်မတော်က ဂါဇာဒေသ၌ စစ်ဆင်ရေးများ ဆက်လက်ဆောင်ရွက်ရာတွင် ဒေသခံလေးဦး သေဆုံးပြီး ဒေသအတွင်းရှိ စိုက်ပျိုးမြေများ ပျက်စီးခဲ့ကြောင်း သိရသည်။ ဂါဇာဒေသတွင် ဒေသခံ ၃၇၈၇၇ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

ဂါဇာမြောက်ပိုင်း ရှီဂျာယာနှင့် တောင်ပိုင်းရှိ ရာဖာတို့အပါအဝင် ဂါဇာဒေသတစ်ခုလုံးတွင် အစ္စရေးတပ်မတော်က စစ်ဆင်ရေးများဆင်နွှဲခဲ့ရာ အကြမ်းဖက်သမားအများအပြားကို ချေမှုန်းနိုင်ခဲ့ကြောင်း နေတန်ယာဟုက ထပ်လောင်းပြောကြားသည်။

ဟားမတ်စ်အဖွဲ့အား ချေမှုန်းရေးနှင့် ဓားစာခံများ လွတ်မြောက်ရေးအပါအဝင် အစ္စရေး၏ ရည်မှန်းချက်များ ပြီးမြောက်အောင်မြင်သည်အထိ တိုက်ခိုက်သွားမည်ဟု နေတန်ယာဟုက မှတ်ချက်ပြုပြောကြားသည်။ ပြီးခဲ့သည့် သီတင်းပတ်များအတွင်းက အစ္စရေးတပ်မတော်နှင့် လက်ဘနွန် ဟစ်ဇ်ဘိုလာ စစ်သွေးကြွအဖွဲ့တို့အကြား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – စိုးသူရ

# လျှောင်ဒဏ်သင့်ဒေသဖြစ်သည့် ဂျပန်နိုင်ငံအလယ်ပိုင်း နိုတိုပင်လယ်အော်ဒေသတွင် ခရီးသွားလုပ်ငန်းပြန်လည်မြှင့်တင်ရေး ဆောင်ရွက်မည်

တိုကျို ဇူလိုင် ၁



လျှောင်ဒဏ်သင့်ဒေသဖြစ်သည့် ဂျပန်နိုင်ငံအလယ်ပိုင်း နိုတိုပင်လယ်အော်ဒေသတွင် ခရီးသွားလုပ်ငန်း ပြန်လည်မြှင့်တင်ရေး အစီအမံတစ်ရပ်ကို ဝန်ကြီးချုပ် ကီရှီဒါက ချမှတ်ခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

ကီရှီဒါသည် လျှောင်ဒဏ်သင့်ခဲ့သည့် အီရှီကာဝါစီရင်စု နာနိုမြို့ရှိ ဝါကူယာအွန်ဆန် ရေပူစမ်း အပန်းဖြေစခန်းအား ယနေ့တွင် သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။ အဆိုပါ ရေပူစမ်းအပန်းဖြေစခန်းအား လုပ်ငန်းပြန်လည်ဆောင်ရွက်နိုင်ရေး အတွက် ကြိုးပမ်းမည်ဖြစ်ပြီး ၎င်းအပန်းဖြေစခန်း၏ လုပ်ငန်းပြန်လည်ဆောင်ရွက်နိုင်ခြင်းဖြင့် နိုတိုဒေသခံများအတွက် အလုပ်အကိုင်များ ပြန်လည်ရရှိ လုပ်ကိုင်နိုင်မည်ဟု ကီရှီဒါက ပြောကြားသည်။

ဂျပန်အစိုးရအနေဖြင့် ယင်းဒေသအတွင်း ရေလွှမ်းမိုးမှုများ မဖြစ်ပွားစေရေးအတွက် ရေထိန်းနံရံများ တည်ဆောက်မည်ဖြစ်ပြီး ခရီးသွားလုပ်ငန်း ပြန်လည်အသက်ဝင်လာစေရေး ဆောင်ရွက်မည်ဖြစ်သည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – စိုးသူရ

# ဗီယက်နမ်နိုင်ငံက ယခုနှစ် ပထမခြောက်လအတွင်း ပြည်ပသို့ ဆန်စပါး တန်ချိန် ၄ ဒသမ ၆၈ သန်း တင်ပို့ခဲ့

ဟန္နိုင်း ဇူလိုင် ၁

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမခြောက်လအတွင်း ပြည်ပသို့ ဆန်စပါး တန်ချိန် ၄ ဒသမ ၆၈ သန်းတင်ပို့ခဲ့ပြီး ဆန်စပါးတင်ပို့ရောင်းချခြင်းမှ ဝင်ငွေ ကန်ဒေါ်လာ ၂ ဒသမ ၉၈ ဘီလီယံရရှိခဲ့ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ယနေ့ မှတ်တမ်းအရ သိရသည်။

ယင်းဆန်စပါးတင်ပို့မှုသည် ယမန်နှစ်အလားတူကာလကထက် ပမာဏအားဖြင့် ၁၀ ဒသမ ၄ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၃၂ ရာခိုင်နှုန်း အသီးသီးမြင့်တက်လာခဲ့သည်။ ဆန်စပါးသည် နိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာထုတ်ကုန်များအနက်မှ ကုန်သွယ်ရေးပိုငွေရရှိခဲ့သည့် ထုတ်ကုန်ဖြစ်ပြီး အခြားစိုက်ပျိုးရေးထုတ်ကုန်များမှာ သစ်သား၊ ကော်ဖီနှင့် ဟင်းသီးဟင်းရွက် တို့ဖြစ်သည်။

ယခုနှစ်ပထမခြောက်လအတွင်း ကမ္ဘောဒီးယားနှင့် အိန္ဒိယတို့ကဲ့သို့သော နိုင်ငံများမှ ဆန်စပါးတင်သွင်းခြင်းအတွက် ကန်ဒေါ်လာ သန်း ၆၇၀ ကျခံသုံးစွဲခဲ့သည်။ ယင်းပြည်ပနိုင်ငံများမှ တင်သွင်းသည့် ဆန်စပါးကို တိရစ္ဆာန်အစာအဖြစ်အသုံးပြုသည်။ ယခုနှစ်တွင် ဆန်စပါးတန်ချိန် ရှစ်သန်းကျော်ကို ပြည်ပသို့ တင်ပို့ရန် ရည်မှန်းချက်ထားရှိဆောင်ရွက်နေကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ



# ကမ္ဘောဒီးယားနိုင်ငံ၌ ခရီးသွားဈေးကွက်မြှင့်တင်ရေး ဘုတ်အဖွဲ့ဖွဲ့စည်း

ဖနောင်ပင် ဇူလိုင် ၁

ကမ္ဘောဒီးယားနိုင်ငံ၏ခရီးသွားလုပ်ငန်းဈေးကွက်ကို နိုင်ငံတကာအထိတိုးချဲ့ရန် ရည်ရွယ်ချက်ဖြင့် ခရီးသွားဈေးကွက် မြှင့်တင်ရေးဘုတ်အဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ ယမန်နေ့ ထုတ်ပြန်ချက်အရ သိရသည်။

ယင်းဘုတ်အဖွဲ့အား ခရီးသွားလုပ်ငန်းဝန်ကြီး Sok Soken က ခေါင်းဆောင်ပြီး ခရီးသွားလုပ်ငန်းတွင် အဓိကဆောင်ရွက်နေသည့် အစိုးရဌာန ရှစ်ခုနှင့် ပုဂ္ဂလိကကဏ္ဍ ခုနစ်ခုတို့ဖြင့် ဖွဲ့စည်းခဲ့သည်။ ယခုကဲ့သို့ ခရီးသွားဈေးကွက်မြှင့်တင်ရေးဘုတ်အဖွဲ့အား အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်း၍ဖွဲ့စည်းခြင်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွဲဆောင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်အတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများကြား ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဘုတ်အဖွဲ့သည် ခရီးသွားလုပ်ငန်းတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းမည်ဖြစ်ပြီး နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ အောင်မြင်ရန် ဆောင်ရွက်မည်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံသို့ ယခုနှစ်ပထမလေးလအတွင်း နိုင်ငံတကာခရီးသွား စုစုပေါင်း ၂ ဒသမ ၁၁ သန်းလာရောက်ခဲ့ပြီး ယခင်နှစ်ကထက် ၂၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားသုံးနိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုအား ရှုတ်ချဟု မြောက်ကိုရီးယား ပြောကြား

ပြုံယမ်း ဇူလိုင် ၁

အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယား သုံးနိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုအား ရှုတ်ချကြောင်း မြောက်ကိုရီးယားနိုင်ငံက ယမန်နေ့တွင် ပြောကြားခဲ့သည်။

**လိုအပ်သည့်အစီအမံများကို ဆောင်ရွက်မည်**

ယင်းစစ်ရေးလေ့ကျင့်မှုအရ မြောက်ကိုရီးယားနိုင်ငံ၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်မည့် လိုအပ်သည့် အစီအမံများကို ဆောင်ရွက်မည်ဟု မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းအေဂျင်စီ ကေစီအင်န်အေက ထပ်မံပြောကြားသည်။

ယင်းသုံးနိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုသည် အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယား သုံးပွင့်ဆိုင် စစ်ရေးမဟာမိတ်ဖွဲ့စည်းခြင်းဖြစ်ခြင်းကြောင့် ၎င်းကဲ့သို့အမေရိကန်ဦးဆောင်၍ စစ်ရေးအရ အနှောင့်အယှက်ပေးခြင်းအား ရှုတ်ချကြောင်း မြောက်ကိုရီးယား၏ သတင်းထုတ်ပြန်ချက်တွင် ပြောကြားသည်။ ယင်းကဲ့သို့ဆောင်ရွက်ခြင်းသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံများအားလွှမ်းမိုးရန် အမေရိကန်က ဆောင်ရွက်ခြင်းဖြစ်ပြီး ယင်းလုပ်ရပ်အရ ကမ္ဘာကြီး၏ လုံခြုံရေးတွင် အန္တရာယ်ကျရောက်သည့် အခြေအနေဖြစ်လာကြောင်း ယင်းသတင်းထုတ်ပြန်ချက်တွင် ထပ်လောင်းပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နိုင်ငံ၏ အချုပ်အခြာအာဏာကို ကာကွယ်ရန်နှင့် ဒေသတွင်းငြိမ်းချမ်းရေးကိုထိန်းသိမ်းရန် ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်မည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# တရားမဝင် စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်၏ ဝန်စည်တစ်ခုအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် ရေမွှေးမျိုးစုံ ၄၂ ပုလင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၇၄၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၉ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ လှိုင်ရပ်ကွက် ဝဲကြီးကွေ့ အတ္တရံမြစ်ကမ်းဘေးအနီး၌ စုပုံထားသော ပီပါ ၉၈ လုံးအတွင်းမှ တရားမဝင် စက်သုံးဆီဟု ယူဆရသော ဓာတ်ဆီဂါလန် ၄၁၃၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ်၄၅၄၃၀၀၀၀ ကိုသိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့ပြင် ဇွန် ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ယာဉ်လေးစီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ပန်းသီးကီလိုဂရမ် ၁၁၅၀၊ လိမ္မော်သီး ၂၇၂ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၇၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၆၇၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင် အင်္ဂပူမြို့နယ်၌ တရားမဝင် သစ်ခုတ်ရာတွင် အသုံးပြုသည့် ရွှေ့ပြောင်းလွှဝိုင်းတစ်ခု (သံခုံပါ) နှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၃၀ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်နှင့် ရမ်ပူရပ်ကွက်တို့၌ လိုင်စင်မဲ့ယာဉ်များဖြစ်သည့် Honda Fit နှစ်စီး၊ Toyota Crown နှစ်စီး၊ Honda Airwave တစ်စီး၊ Lexus တစ်စီး၊ Toyota Ipsum တစ်စီး၊ Nissan Note တစ်စီး၊ Land Cruiser တစ်စီးနှင့် Toyota Mark II တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၇၀၀၀၀၀)နှင့် လိုင်စင်မဲ့ဆိုင်ကယ်များဖြစ်သည့် Shayan-125 တစ်စီး၊ Yunde-110 တစ်စီး၊ Coxystar Click တစ်စီးအပါအဝင် ဆိုင်ကယ် ၁၀ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၀၀၀၀၀) စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၃၄၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၄၅၇၄၀၀)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ဗန်းမော်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၃၀ ရက် မွန်းလွဲ ၃ နာရီတွင် ဗန်းမော်မြို့ နောင်ခိုရပ်ကွက် သကြားစက်လမ်းကြားတွင် စန်းစန်းငွေး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀ ကိုလည်းကောင်း၊ ကွင်းဆက်အရ မွန်းလွဲ ၃ နာရီခွဲတွင် ဗန်းမော်မြို့ နောင်ခိုရပ်ကွက်ရှိ နှင်းအောင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၁၀ ကိုလည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၅)ရပ်ကွက် သခင်မြလမ်းရှိ ထက်အောင်(ခ)ပါကြီး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



စန်းစန်းငွေးနှင့် နှင်းအောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁**

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်**

ဈ - ၁၉၇၇ ဆ - ၄၉၀၄

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်**

ဂ - ၃၇၃ င - ၅၇၇

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၁၅၅၀)ဦး

၁။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် ကျင်းပသည့် (၆၄)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ(၁၀၅၆၂၁)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင်(၁၀၅၆၂၁)ဦး ဖြစ်ပါသည်။

၂။ မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၆၅)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဈ) အက္ခရာထိ အက္ခရာ (၉)လုံးဖြစ်ပြီး ၎င်းအနက်မှ ၇၅% ဖြစ်သော ထီလက်မှတ်အုပ်ရေ (၅၅၂၂၇၆)အုပ်ဖြစ်ပါသည်။

၄။ (၆၄)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၂-၇-၂၀၂၄ )ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို( ၁၂-၇-၂၀၂၄ ) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၅၄)၊ အေးရိပ်မြိုင်လမ်း၊ မြေကွက်အမှတ်-(၁၀၇၈/က)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်အား မြေအမည်ပေါက်သူ ဦးစောနောင် [၁၂/လမန(နိုင်)၀၃၄၇၃၀]ထံမှ ဝယ်ယူပိုင်ဆိုင်ထားသူဖခင် ဦးမြင့်အောင်နှင့် မိခင် ဒေါ်မြစိန်တို့ ကွယ်လွန်၍ တစ်ဦးတည်းသောသားဖြစ်သူ ဦးကြည်မြင့် [၁၂/ဥကတ(နိုင်)၀၁၅၉၇၂]မှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရတနာနွေး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၄၇)**
**အမှတ်- (၅၂/က)၊ အင်ကြင်းလမ်း၊ (၂၂)ရပ်ကွက်၊**
**တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၀၈၀၀၀၇၀**

## ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ အရှေ့မြို့ပတ်လမ်း၊ မြေကွက်အမှတ်-၁၀၂၀၊ အိမ်အမှတ် (၃) ဟုခေါ်တွင်သော မြေပေါ်တွင်တည်ရှိနေသည့် နှစ်ခန်းတွဲ ခြောက်ထပ်တိုက်ခန်းများအနက်မှ စတုတ္ထထပ် (၅) လွှာ ဟုခေါ်တွင်သော တိုက်ခန်းနှင့်ပတ်သက်၍ တစ်ဦးတည်းသော ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

အထပ်ပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်သန်း [၁၂/ခရန(နိုင်)၀၇၀၁၉၅]က မြေရှင်ဖြစ်သူ ဦးသန်းနိုင် [၁၂/ဗဟန(နိုင်)၀၉၃၄၁၃] နှင့် ဒေါ်စန္ဒာဝင်း [၁၂/သဃက(နိုင်)၁၇၆၃၂၉]တို့မှ တိုက်ခန်းလဲလှယ်ခြင်း ကတိစာချုပ်ဖြင့် အထက်ပါ တိုက်ခန်းအားလဲလှယ်ခဲ့ပြီး ဒေါ်စန္ဒာဝင်းထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူသည် ၁၆-၁၂-၂၀၁၁ ရက်နေ့တွင် အထက်ပါတိုက်ခန်းအား အပြီးအပိုင်ဝယ်ယူခဲ့ပြီး ယနေ့တိုင် အဆိုပါတိုက်ခန်းအား လက်ဝယ်ထား စီမံခန့်ခွဲလျက်ရှိပါသောကြောင့် အထက်ပါ တိုက်ခန်းသည် ကျွန်ုပ်မိတ်ဆွေ၏ တစ်ဦးတည်းပိုင်ဆိုင်သော တိုက်ခန်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာမင်း(LL.B,D.B.L,D.M.L,D.I.L,D.A.Psy)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၄၀)**
**အမှတ်(၄၂၉)၊ သုမိတ္တာ (၁၁) လမ်း၊ (၁) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ခြံအမှတ် ၆၊ ပြည်တော်သာလမ်း၊ င/ခ ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်။**
**ဖုန်း-၀၉-၄၂၅၀၁၃၁၂၇**

## လုပ်ငန်းအကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း ကတိစာချုပ်ကိုဖျက်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

**ဦးစုလှိုင်၊ အောင်မြေစေတနာကုမ္ပဏီ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း မှတ်ပုံတင်အမှတ် [၁၁/မအန (နိုင်) ၀၄၂၁၂၇] အမှတ် (၁-အေ/၂)၊ မြင်သာ (၁၁)လမ်း၊ မြသီတာအိမ်ရာ၊ (၁၄/၁) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

လူကြီးမင်းနှင့် ဦးစိုးဝင်း [၁၂/ဗဟန(နိုင်)၀၀၃၁၈၆]တို့ နှစ်ဦးသဘောတူချုပ်ဆိုထားသည့် (၂၃-၁၂-၂၀၂၃) ရက်စွဲပါ လုပ်ငန်းပူးပေါင်းဆောင်ရွက်ခြင်း ကတိစာချုပ်၊ အပိုဒ် (၉) ပါ Bank Locker ကိစ္စနှင့်ပတ်သက်၍ လူကြီးမင်းဘက်မှ ပျက်ကွက်နေသဖြင့် ကျွန်ုပ်တို့ဘက်မှ (၁၈-၆-၂၀၂၄) ပါ ရက်စွဲဖြင့် နို့တစ်စာပေးပို့ပြီး အဖိုးတန်စာရွက်စာတမ်းများအားလုံးကို (၃၀-၆-၂၀၂၄) နေ့တွင် ပြန်လည်၍ လက်ရောက်ပေးအပ်ရန် ကျွန်ုပ်၏ရှေ့နေဖြင့် နို့တစ်စာ ရေးထုတ်ခဲ့ရပါသည်။ နို့တစ်စာကို လက်ခံရရှိသော်လည်း လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် လူကြီးမင်းနှင့် ချုပ်ဆိုထားသောစာချုပ်ပါ စာမျက်နှာ(၅) မှ (၁၆)အထိ ပစ္စည်းစာရင်းများအားလုံး၏ စာရွက်စာတမ်းမူရင်းများကို (၇-၇-၂၀၂၄) နေ့တွင် နောက်ဆုံးထားပြီး လက်ရောက်ပေးအပ်ရန် တောင်းဆိုလိုက်ပါသည်။ လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ပါသည်။

**ဦးစိုးဝင်း**
**[၁၂/ဗဟန(နိုင်)၀၀၃၁၈၆]**
**အမှတ် (၂၃၇)၊ စံပြ (၃)လမ်း၊ ယမုံနာ (၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၉၈၄၂၂၃၈၃၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆/F)၊ မြေကွက်အမှတ်(၁၀၉A/13)၊ အကျယ်အဝန်း(၀.၃၀၅)ဧကအကျယ်ရှိ ဦးအောင်မြင့်+ဒေါ်စုစု အမည်ပေါက်သည့် မြေပိုင်မြေကွက်ထဲမှတရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကို မျက်နှာမူပါက (ယာ)ဘက်အခြမ်း၏ လမ်းမြေအပါအဝင် အနောက်ဘက်အခြမ်း အကျယ်အဝန်း ($\frac{၅၅'x၆၀'}{၅၁'x၅၉'}$)နှင့် (၁၁'x၆၀')ရှိသော လမ်းမြေအပါအဝင် မြေကွက်နှင့်မြေကွက်ပေါ်ရှိ နှစ်ထပ်အိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မှတ်ပုံတင်အရောင်းအဝယ် ဆက်စပ်စာချုပ်ကြီးဖြင့် ဒေါ်ကြူကြူဝင်းမှဝယ်ယူထားပြီး ဒေါ်ကြူကြူဝင်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ဝင်း [၁၂/အစန(နိုင်)၀၄၂၃၄၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ဤအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း၊ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့်၊ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီလာ L.L.B, D.B.L, D.I.L, D.I.R, C.B.D,S (MOFA)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၈၁)**
**အမှတ်(၁၀၁၉/ခ)၊ ဒုတိယထပ်၊ သုမင်္ဂလာလမ်းမကြီး (၂)ရပ်ကွက်၊**
**မြောက်ဥက္ကလာပ။ Ph:09- 785555030, 09- 440440710**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ ထိပ်တင်မှတ်(၄)လမ်း၊ မြေကွက်အမှတ် (၃၁၂)၏ မြေအကျယ်အဝန်း(၄၀x ၆၀)ပေထဲမှ မြေကွက်အမှတ်(၃၀၉)နှင့်ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၁၀x ၆၀)ပေရှိ ဦးအေးထွန်း(D/RGN-၀၀၀၈၀၃) အမည်ပေါက် မြေချပါမစ်(မိတ္တူ)ခြမ်းမြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးပြည်မိုးအောင်[၁၂/အစန(နိုင်)၁၁၄၂၇၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၀၊ မြေကွက်အမှတ်-၈၃၉၊ အကျယ်ပေ(၄၀x၆၀)ရှိ ဒေါ်အေးအေးငြိမ်း အမည်ပေါက် နှစ်(၆၀) ဂရန်ထွက်ရှိထားသော မြေကွက်ကြီးအနက်မှ ခြေရင်းခြမ်းအကျယ်ပေ(၂၀x၆၀)မြေကွက် နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်၏ ဂရန်အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင်ဦးစိုးတင့်[၁၂/ဒဂတ(နိုင်)၀၂၂၃၃၉]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းနိုင်ဦး[၈/မဘန(နိုင်)၁၁၅၇၆၅]မှ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍(၁၄)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဝင်းနိုင်ဦး** | **ဒေါ်ထက်ထက်အောင်(LL.B)** |
| **[၈/မဘန(နိုင်)၁၁၅၇၆၅]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၈၈)** |
| **အမှတ်-၉၉၂၊ ၅-ရပ်ကွက်၊** | **အမှတ်-၃၃၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊** |
| **ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။** | **ကျောက်ရေတွင်းရပ်ကွက်၊** |
| | **မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၅၃၇၂၆၅၂** |

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - (သကမ-၈)၊ လူနေရပ်ကွက်အမှတ် - (၈)၊ မြေကွက်အမှတ် - (၃၆၄/က+ခ)၊ ဦးပုညလမ်း ဟုခေါ်တွင်သော ပေအကျယ် (၂၀'x၆၀') (၂)ကွက် ဦးမျိုးသန်းနှင့် ဦးမောင်တင် ပါမစ်အမည်ပေါက်- အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရောက်ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ခင် [၁၂/လမန (နိုင်)၀၁၁၂၁၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းထွန်း [၁၁/မပန(နိုင်)၀၇၉၀၈၇]က အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ်ကို ကန့်ကွက်လိုသည်ရှိပါက ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် ပိုင်ဆိုင်သည့် စာချုပ်စာတမ်း အထောက်အထား(ပါမစ်မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးစိုးပိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၅၈)**
**တိုက် (၂)၊ အခန်း (၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ Shop House ၊**
**(၆)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်။**
**ဖုန်း-၀၉-၅၄၁၄၅၃၄၊ ၀၉- ၄၂၁၀၄၃၁၀၉**

## (၂၅-၆-၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ၌ ဒေါ်သန္တာဝင်း (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၅၂၆၆) နှင့် ဒေါ်ရီရီလွင် (အထက်တန်းရှေ့နေ) (စဉ်-၅၂၄၉၉) တို့၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်းအား ပြန်လည်ကန့်ကွက်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ ရာဇသင်္ကြန်၊ ကန္တားလမ်း၊ မြေကွက်အမှတ် (၄၀) ဟုခေါ်တွင်သော အလျား (၄၀)ပေ x အနံ (၆၀)ပေ သည် ဒေါ်ယဉ်နု အမည်ပေါက်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနတွင် မှတ်သားထားရှိသော မြေချပါမစ်မြေကွက်ဖြစ်ပြီး တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း အလျား (၂၀)ပေ x အနံ (၆၀)ပေရှိ မြေကွက်နှင့် အိမ်ခြံမြေ အကျိုးခံစားခွင့်အား ရောင်းချပိုင်ခွင့်မရှိသူ ဦးဝင်းရွှေ [၁၂/ကမန (နိုင်) ၀၇၁၄၁၂]မှ ရောင်းချရန် စီစဉ်ဆောင်ရွက်နေမှုအား ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာပါသည်။**

အထက်ပါ အိမ်နှင့်မြေအား ဦးဝင်းရွှေမှ ရောင်းချခွင့်မရှိပါ။ ဦးဝင်းရွှေ၏ပထမတရားဝင်ဇနီးအဖြစ် ဒေါ်ငွေမြင့် နှင့် ၂၀၁၆ ခု၊ မတ်လ (၂၆) ရက်စွဲပါ မြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် အမည်ပေါက်ပိုင်ရှင် ဒေါ်ယဉ်နုထံမှ ဝယ်ယူထားသော မြေကွက်ဖြစ်ပါသည်။ (မူရင်းစာချုပ်နှင့် ဆက်စပ်စာမှတ်စာတမ်းများ၊ ပါမစ်မူရင်းခွဲများ ဒေါ်ငွေမြင့်လက်ဝယ်တွင်ရှိပါသည်။) ဦးဝင်းရွှေ နှင့် ဒေါ်ငွေမြင့်တို့သည် (၂၀၁၈) ခုနှစ်တွင် ဒလမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် (၈၂)ဖြင့် လင်မယားကွာရှင်းခွင့်ရရှိပြီး နှစ်ဦးသဘောတူညီမှုဖြင့် ပစ္စည်းခန်းအား ခွဲဝေယူခဲ့ကြရာတွင် ကား (အန်စာတုံး)၊ ရွှေထည်ပစ္စည်းများ၊ ငွေတချို့နှင့်အထက်ပါမြေကွက်အပါအဝင်ကို ဒေါ်ငွေမြင့်၏ အစ်မ ကိုယ်တိုင်စီမံ၍ ခွဲဝေပေးပြီး ဖြစ်ပါသည်။ ဦးဝင်းရွှေမှလည်း ရထိုက်ခွင့်ရှိသည့် ပစ္စည်းများကို ခွဲယူရရှိပြီးဖြစ်ပါသည်။ အဆိုပါအိမ်မြေနှင့်ပတ်သက်၍ ဦးဝင်း ရွှေနှင့်သက်ဆိုင်ခြင်းမရှိတော့ပါ။ ဝယ်ယူရန်စီစဉ်ဆောင်ရွက်နေသူအား ရောင်းမှား၊ ဝယ်မှားမဖြစ်စေရန် ဒေါ်ငွေမြင့်မှ သတိပေး၍ လုံးဝကန့်ကွက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ငွေမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးခင်မောင်ထွေး (စဉ်-၂၃၃၂၀)** | **ဒေါ်အိအိမြင့်လွင် (စဉ်-၅၂၃၅၅)** |
| **(အထက်တန်းရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |
| **ဖုန်း-၀၉- ၆၇၁၈၃၇၂၇၀** | **ဖုန်း-၀၉-၇၉၄၂၇၉၄၈၉** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၄/စီမံကိန်း-၂)၊ လူနေရပ်ကွက်အမှတ်(စီမံကိန်း-၂)၊မြေကွက်အမှတ်(၁၇)၊အကျယ်အဝန်း(၀. ၀၈၅)ဧက အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်(အရပ်ခေါ် -တောင်ဥက္ကလာပမြို့နယ်၊(၁၄/စီမံကိန်း-၂)ရပ်ကွက်၊သံသုမာလမ်း၊အမှတ်(၁၇)ဟုခေါ်တွင်သည့်မြေကွက်နှင့်)တစ်ထပ်အဆောက်အဦးအပါအဝင် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးတင်ထွန်းအောင်(၉/ပဥလ(နိုင်) ၀၀၃၀၉၂) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေ တစ်ချို့ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာထုတ်သည့် နေ့မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှု မရှိပါက ဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်ဝင်းဝင်းငွေ (LL.B) | ဒေါ်ထက်ထက်အောင် (LL.B) |
| အထက်တန်းရှေ့နေ (စဉ်-၄၉၇၀၅) | အထက်တန်းရှေ့နေ (စဉ်-၅၅၃၇၆) |

**09-4008 600 81, 09 - 4080 988 22, 09 - 448 379 745**
အမှတ် (1/A2)၊ မြသီတာအိမ်ရာ ၊ မြင်သာ (၁၁) လမ်း ၊ တောင်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄)တောင်ရပ်ကွက်၊ မြင်တော်သာလမ်း၊ တိုက်အမှတ်(၄၆၅) ၊အခန်းအမှတ်(2B)၊ပထမထပ်၊(၁၀၂၆)စတုရန်းပေအကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် လက်ဝယ် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးရှိန်းဝဏ္ဏအောင် (၁/မကန(နိုင်)၁၂၉၁၂၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၇)ရက် အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှု မရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မေရည်စိုးဦး (LL.B.,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၁၁၂)
**09-50 577 14 , 09-4008 600 81**
အမှတ် (1/A2)၊ မြသီတာအိမ်ရာ ၊ မြင်သာ (၁၁) လမ်း ၊ တောင်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်မြို့။

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၁-ရပ်ကွက်၊ ရွှေဟင်္သာလမ်း၊ ရွှေဟင်္သာအဆင့်မြင့်တာဝါ၊ တိုက်အမှတ်-(C-2)၊ အခန်းအမှတ်-(၁၀၁၆)ဟုခေါ်တွင်သောကွန်ဒိုတိုက်ခန်းနှင့်တကွတပ်ဆင်ပါရှိသောအကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးချမ်းငြိမ်းဇော် (၁၂/ကတတ(နိုင်)၀၂၅၇၀၇) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်တိုက်ခန်းပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆိုဤကြေညာချက်ပါသည့်နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်နေ့အတွင်းကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်နန်းဆင့်ဆင့်ထွန်း (LL.B) | ဒေါ်မိုးမိုးအေး (LL.B) |
| D.B.L,D.M.L | D.B.L,D.M.L,D.I.L |
| (စဉ်-၁၂၆၃၉) | WIPO,DL-101 Switzerland (စဉ်-၈၅၅၈) |
| (တရားလွှတ်တော်ရှေ့နေများ) | (ဖုန်း-၀၉-၄၂၅၃၅၈၂၇၀) |

အမှတ်-၈၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄၀)၊ လူနေရပ်ကွက်အမှတ်-(ဏ/၁၄)၊ ငစိန်(၁)လမ်း၊ မြေကွက်အမှတ်-(၁၀၈၈-ခ)၊ အကျယ်ပေ(၂၀ x ၆၀)ရှိ ဒေါ်အုန်းကြည် အမည်ပေါက်မြေချပါမစ် ထွက်ရှိထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးစုံပါလူနေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သည် ဟုဝန်ခံကတိပြုလွှဲပြောင်းရောင်းချသူ ဒေါ်ခင်မျိုးလှိုင် [၁၂/အစန(နိုင်) ၀၆၅၀၁၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းမြင့်[၉/မဟမ(နိုင်)၀၀၉၆၀၅]နှင့် ဒေါ်အိအိခင်[၁၄/ညတန (နိုင်)၀၉၃၆၀၆]တို့မှအပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်၍ ယင်းအိမ်မြေ နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့် အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးသတ်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L) အထက်တန်းရှေ့နေ(စဉ်-၅၀၄၄၆)**
**အမှတ်-(၉၃)၊ နဝရတ်လမ်း၊ (၇) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၃၆၄၄၅၁၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ ဇေယျာသီရိလမ်း၊ မြေကွက်အမှတ်(၁၀၄၅)၊ မြေအကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးထိဇအောင် (ISN - ၂၂၀၆၅၈) အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ယခုရောင်းချသူ ဦးသန်းထိုက် (၁၀/ကမရ(နိုင်)၀၅၈၃၆၇)သည် "နှစ်ဦးသဘောတူ အရောင်းအဝယ်အဆင့်ဆင့်အဆက်စပ်ကတိစာချုပ်"များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက်အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဒေါ်ခိုင်မြတ်မောင် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄) | အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄) |

**ဦးတိုးဝေနိုင် (LL.B)**
အထက်တန်းရှေ့နေ (စဉ်-၅၅၉၁၃)
အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ အောင်သီတာလမ်း၊ အမှတ်(၄၆၁)ပေါ်တွင် ဆောက်လုပ်ဆဲဖြစ်သည့် (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ (၅)လွှာ (တိုက်ကိုမျက်နှာမူလျှင် ညာဘက်ခြမ်း)၊ အကျယ်အဝန်း (၁၂ပေ x၅၀ပေ)ခန့်ရှိ အခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဆိုလာသူ ကန်ထရိုက်တာ ဦးလှမင်းအောင် [၁၂/ဒလန(နိုင်)၀၉၉၃၂၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါရှိသည့် နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အိထားဖြူ LL.B, D.B.L, MA (Business Law), D.I.L, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၀၅)**
**အမှတ်–၁/ဒီ၊ ဗိုလ်ရာညွှန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊**
**ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၅၅၀၅၈၇၁**

## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ–၃၀၇)
## မရမ်းကုန်းခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၄၆
## (ကွယ်လွန်သူ ဒေါ်စောမျှင်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသောအမှု)

ဦးချာလီမက်ကောနဲ — လျှောက်ထားသူ
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်အေးအေးမော်)

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်စီကုန်း(၅၉)လမ်း၊ အမှတ် (၉၆)နေ ဦးချာလီမက်ကောနဲ(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်အေးအေးမော်)က ကွယ်လွန်သူ ဒေါ်စောမျှင် ကျန်ရစ်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်စီကုန်း(၅၉)လမ်း၊ အမှတ် (၉၆) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၁၅)၊ မြေကွက်အမှတ်–၁၂၊ အကျယ်အဝန်း ဧရိယာ(၀.၁၉၀)ရှိ မြေပိုင်မြေကွက်နှင့် ဒေါ်စောမျှင်အမည်ပေါက် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား စီမံခန့်ခွဲခွင့်အမိန့်ချမှတ်ပေးပါရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၃၀၇ အရ လျှောက်ထားသည်ဖြစ်၍ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်) နံနက် (၁၀:၀၀)နာရီအချိန်တွင် ကြားနာချိန်းဆိုထားသဖြင့် မည်သူမဆို အမှုတွင် အမှုလာဆိုင်လိုပါက အထက်ပါ ချိန်းဆိုထားသောနေ့ရက်တွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ နည်းလမ်းကကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်အမှုဆိုင်ရန်နှင့် ယင်းသို့ခွင့်ပြုမိန့် ထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာအမှုတွဲကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၃၀၇ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းသို့ လာရောက်ရန်ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဦးချာလီမက်ကောနဲ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်အေးအေးမော်) ၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြတ်ခိုင်ဝင်း)**
**ခရိုင်တရားသူကြီး**
**မရမ်းကုန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၄၈၉/ခ)ရှိ (၆)ထပ်တိုက်တွင်တည်ရှိသော မြေညီထပ်ဟုခေါ်တွင်သည့် (၁၈ x ၅၄) ပေရှိ ဦးတင်အေး အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့်အတူ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင် ဦးတင်အေး [၁၂/အစန(နိုင်)၂၂၈၈၀၁] နှင့် ဒေါ်ကျင်ဥ [၁၂/အစန(နိုင်)၀၃၂၁၉၉] တို့မှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချောရူပါခင် [၇/ရတန(နိုင်)၀၉၀၄၆၄] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချောရူပါခင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၇၇ ၂၉၁၇၇၅၊ ၀၉–၄၅၂၄၁၆၃၀၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၁ ရပ်ကွက်၊ မြင်သာ(၈)လမ်း၊ အမှတ်(၁၀၃/၂)ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ(၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ ပဉ္စမထပ်(၆)လွှာ (ဘယ်ဘက်)ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၅ ပေ x၅၀ ပေ)ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော ဦးသန့်မာန်ဟိန်း[၁၂/တမန(နိုင်)၁၁၇၂၆၄]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ထက်ထက်အေးကျော် [၁၃/မပတ(နိုင်)၀၃၀၅၀၅] မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် တစ်စုံတစ်ရာရှိကြောင်း ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထား(မူရင်း) အပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်သက်အောင် LL.B**
**အထက်တန်းရှေ့နေ(စဉ်–၂၈၃၅၀)**
**အမှတ်(၁၆၇၉)၊ သာလွှာဝတီအနောက်(၅)လမ်း၊**
**၁၀/တောင်(၁၄)ရပ်ကွက်၊ သာကေတမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၂၅၀၆၆၇၄၅၇**

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့၊ ဥက္ကံမြို့နယ်၊ ကျွဲဘုတ်ကျေးရွာအုပ်စု၊ ခါတ်ချောင်းရွာနေ ကျွဲဘုတ်လခွဲကျောင်း G–6 မှ ပညာသင်ကြားနေသော မောင်ရဲထွဋ်ကျော်၏ ဖခင် နိုင်ငံသားစိစစ်ရေးအမှတ် [၁၂/တကန(နိုင်) ၂၃၉၃၂၃] ကိုင်ဆောင်သူ၏ အမည်မှန်မှာ ဦးချမ်းမြေ့ကျော် ဖြစ်ပါကြောင်း ။

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ အထရောင်အုပ်စု၊ မြေတိုင်ကျေးရွာနေ မြတ်ပညာကိုယ်ပိုင် အထက်တန်းကျောင်း (အဖျောက်) ကျောင်းဝင်အမှတ် [၀၂၁/၁၉ (မြတ်)]တွင် ပညာသင်ကြားနေသော (အဖ) ဦးမျိုးမင်းဇော်၏ သမီး နိုင်ငံသားစိစစ်ရေးအမှတ်[၁၂/တကန(နိုင်)၂၈၁၆၆၆]ကိုင်ဆောင်သူ၏ အမည်မှန်မှာ မယွန်းမီမီဇော်ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ ပင်းယ–၃ လမ်း၊ မြေကွက်အမှတ် (၁၂၁၅)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့/မြေ ဌာနခွဲ ဦးမင်းမင်းဦး [၁၄/ဘကလ(နိုင်)၀၀၀၂၆၆] အမည်ပေါက်သည့် အကျယ်အဝန်း ပေ(၄၂x၆၀) မြေကွက်မှတရားဝင် မခွဲစိတ်ရသေးသောပေ(၂၂x၆၀)(မြေကွက် အမှတ်–၁၂၁၄နှင့်ကပ်လျက်အခြမ်း)ရှိဂရန်မြေကွက်အား အရောင်းအဝယ် စပ်ဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဥပဒေနှင့်အညီ လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသူ ဒေါ်စန်းစန်းမြင့် [၁၂/ဥကတ(နိုင်)၂၀၆၉၃၇] ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်သူမရှိပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဆက်လက် ပြုလုပ် ချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဥက္ကာအေး (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၆၄၁/၁၄–၆–၁၈)**
**အမှတ်(၁၇၈၊ ပ–ထပ်)၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၂၀၀၀၄၂၆၉**

## “(၂၇–၆–၂၀၂၄) ရက်စွဲဖြင့် ကြေးမုံသတင်းစာ စာမျက်နှာ(၂၀)တွင် ဦးလှမင်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ကေသီအေး (စဉ်–၉၆၃၄/၁၄) (တရားလွှတ်တော်ရှေ့နေ) မှ ဒေါ်ခိုင်သူဇာနှင့် ကွာရှင်းပြတ်စဲကြောင်း အများသိစေရန် ကြေညာချက်အား ပြန်လည်ရှင်းလင်း ကြေညာခြင်း”

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်သူဇာ [၁၂/ဗတထ(နိုင်) ၀၀၀၄၈၉] အမှတ်–၇၂၊ ပထမထပ် (ယာ)၊ (၄၈)လမ်း၊ (၉)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်–

ကျွန်ုပ်တို့၏မိတ်ဆွေနှင့် ဦးလှမင်းဦး [၁၂/ကတတ(နိုင်) ၀၀၀၀၂၈] တို့သည် (၈–၈–၁၉၉၇)ရက်နေ့တွင် အစ္စလာမ်တရားတော်နှင့်အညီ နှစ်ဖက်မိဘလူကြီးစုံရာရှေ့ လက်ထပ်ထိမ်းမြားခဲ့ပြီး သမီး (၃)ဦး ထွန်းကားခဲ့ပါသည်။ ဒေါ်ခိုင်သူဇာသည် ဦးလှမင်းဦးအပေါ် မယားဝတ္တရားများကျေပွန်ပြီး သမီးများကိုလည်း ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်နေသော မိခင်ကောင်းတစ်ဦးဖြစ်ပြီး ဦးလှမင်းဦးကသာ ခင်ပွန်းတစ်ဦး၏တာဝန်ဝတ္တရားများကို အပြည့်အဝ တာဝန်ကျေပွန်ခြင်းမရှိဘဲ ဒေါ်ခိုင်သူဇာအား အိမ်ထောင်ရေးအရလည်းကောင်း၊ မိဘဆွေမျိုးများနှင့်ပတ်သက်၍လည်းကောင်း၊ သမီးများနှင့်ပတ်သက်၍လည်းကောင်း ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် ဦးလှမင်းဦး၏ မိဘများ၊ ညီမများနှင့်ပူးပေါင်းကာ အမြဲလုပ်ဆောင်နေသူသာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။ ဒေါ်ခိုင်သူဇာမှ သမီးများ၏မျက်နှာအား ထောက်ထားပြီး ဦးလှမင်းဦးအား သည်းခံ၍ ဆက်လက်ပေါင်းသင်းနေခြင်းကို ဦးလှမင်းဦးမှ မြန်မာ မွတ်စလင် သာသနာ့ပညာရှင်များအဖွဲ့ချုပ်သို့ စာပို့မှုများပြုလုပ်ခဲ့သဖြင့် ဒေါ်ခိုင်သူဇာမှ လက်မခံကြောင်း တရားဥပဒေကြောင်းအရသာ တရားရုံး၏အဆုံးအဖြတ်ကိုသာ ခံယူမည်ဖြစ်ကြောင်း မြန်မာ မွတ်စလင် သာသနာ့ပညာရှင်များအဖွဲ့ချုပ်၏ လူကြီးထံသို့ ဖုန်းဆက်၍ ပြန်လည်ပြောကြားခဲ့သော်လည်း ဦးလှမင်းဦး၏ တစ်ဖက်သတ်တိုင်တန်းပြောကြားမှုကိုသာ နားထောင်ပြီး မည်သို့မည်ပုံ အတည်ပြုခဲ့ကြကြောင်းကို ဒေါ်ခိုင်သူဇာမှ မသိရှိပါကြောင်းနှင့် လက်မခံပါကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။ ဒေါ်ခိုင်သူဇာမှာ ဦးလှမင်းဦးနှင့် နှစ်ဦးနှစ်ဖက်သဘောတူကြည်ဖြူစွာ တရားဝင်မကွာရှင်းရသေးသလို နှစ်ဦးပိုင်ပစ္စည်းများကိုလည်း မခွဲဝေရသေးပါသဖြင့် တရားဝင်ဇနီးအဖြစ် ဆက်လက်တည်ရှိနေခြင်း၊ ဦးလှမင်းဦး၏ တစ်ဖက်သတ်ပြုလုပ်ဆောင်ရွက်မှုများနှင့် မြန်မာမွတ်စလင် သာသနာ့ပညာရှင်များအဖွဲ့ချုပ်၏ အတည်ပြုခြင်းများအား ဒေါ်ခိုင်သူဇာမှ လက်မခံပါကြောင်း၊ ဦးလှမင်းဦးအနေဖြင့် မည်သည့်အဖွဲ့အစည်းနှင့်ဖြစ်စေ၊ ဘာသာရေးအဖွဲ့အစည်းများနှင့်ဖြစ်စေ၊ ထပ်မံ၍ မည်သည့်ပြုလုပ်ဆောင်ရွက်မှုမျိုးကိုမဆို ဒေါ်ခိုင်သူဇာမှ လက်ခံဖြေရှင်းမည်မဟုတ်ကြောင်း၊ တရားဥပဒေကြောင်းအရ ဆောင်ရွက်မှုသာလျှင် ဒေါ်ခိုင်သူဇာအနေဖြင့် ဥပဒေနှင့်အညီ ပြန်လည်ရင်ဆိုင် ဖြေရှင်းသွားမည်ဖြစ်ကြောင်း နှင့် ဦးလှမင်းဦးသည် တစ်ဖက်သတ် အနိုင့်အထက်ပြုမူဆောင်ရွက်မှုများအား ထပ်မံ၍ ပြုလုပ်ခဲ့ပါက ဒေါ်ခိုင်သူဇာမှ မလွှဲမရှောင်သာ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးလှမင်းဦးနှင့် အများသိစေရန် ဖြစ်ရပ်မှန်အတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဒေါ်ခိုင်သူဇာ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အိအိခိုင် (LL.B)**
**(စဉ်–၁၆၀၇၅) (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၁၂၄၉)၊ နတ်စင်ကန်ပေါင်လမ်း၊ မြို့မ(၃)ရပ်ကွက်၊**
**ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09–254405798, 09–785610847**

## သင်္ဘောပျက် ဖျက်သိမ်းဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်း ဈေးနှုန်းအဆိုပြုလွှာများ ဖိတ်ခေါ်ခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ သမစိတ္တကျေးရွာမှ ရေမိုင်(၇)မိုင်အကွာနေရာ၌ သောင်တင်နေသည့် MV.SAMRATULANGI PB–1600 ရေယာဉ်ပျက်အား ဖျက်သိမ်းဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသဖြင့် လုပ်ငန်းလုပ်ကိုင်လိုသူများအား ဈေးနှုန်းအဆိုပြုလွှာများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | လုပ်ငန်းအမျိုးအမည် | – ရေယာဉ်ပျက်အားဖျက်သိမ်းဖယ်ရှားရှင်းလင်းခြင်း |
| (ခ) | ပုံစံရောင်းချမည့်နေ့ရက် | – (၃–၇–၂၀၂၄) မှ (၁၈–၇–၂၀၂၄) အထိ(ရုံးချိန်အတွင်း) |
| (ဂ) | ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းရမည့်နေ့ရက် | – (၂၂–၇–၂၀၂၄) မှ (၂–၈–၂၀၂၄) အထိ(ရုံးချိန်အတွင်း) |
| (ဃ) | ဈေးနှုန်းအဆိုပြုလွှာ စိစစ်မည့်နေ့ရက်နှင့်အချိန် | – ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်၊ (၁၃:၀၀)နာရီ |
| (င) | ဈေးနှုန်းအဆိုပြုလွှာ စိစစ်မည့်နေရာ | – အစည်းအဝေးခန်းမ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ |

၂။ အသေးစိတ်အချက်များ သိရှိလိုပါက ဖုန်းနံပါတ် (၀၉–၅၁၉၄၁၁၀/၀၉၄၀၂၇၅၈၄၃၁)တို့သို့လည်းကောင်း၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်(အမှတ်–၃၂၁/၃၂၄)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့လည်းကောင်း ရုံးချိန်အတွင်း ကိုယ်တိုင်ဆက်သွယ်/လာရောက်မေးမြန်းနိုင်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## မြေသြဇာ ရည်ညွှန်းဈေးနှုန်းများ သိရှိနိုင်ပါရန်ကြေညာခြင်း

၁။ ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း (MFSPEA) အနေဖြင့် တောင်သူများ အဓိက သုံးစွဲလျက်ရှိသော အောက်ပါမြေသြဇာများကို ပူးတွဲပါဈေးနှုန်းများအတိုင်း ရန်ကုန်အထိုင်ဈေးနှုန်းအဖြစ် ရောင်းချရန် အသင်းဝင် ကုမ္ပဏီများသို့ ညွှန်ကြားထားရှိပါသည်–

| | | |
|---|---|---|
| (က) | ယူရီးယားမြေသြဇာ (အလုံးကြီး) ၅၀ ကီလို တစ်အိတ် | ၇၃,၀၀၀ ကျပ် |
| (ခ) | Rock Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ် | ၁၀၀,၀၀၀ ကျပ် |
| (ဂ) | Di Ammonium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ် | ၁၁၅,၀၀၀ ကျပ် |
| (ဃ) | Complex ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ် | ၁၂၂,၀၀၀ ကျပ် |

၂။ အထက်ပါဈေးနှုန်းများသည် ရန်ကုန်အထိုင်ဈေးနှုန်းများဖြစ်သဖြင့် ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်များအပေါ်တွင် မူတည်၍ ဈေးနှုန်းအနည်းငယ် ပြောင်းလဲမှုဖြစ်ပေါ်နိုင်ပါသည်။ ရည်ညွှန်းဈေးများကို သတ်မှတ်ချက်များနှင့်အညီ ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး ရည်ညွှန်းဈေးများနှင့်အညီ ရောင်းချခြင်းမရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

(က) ဦးဆောင်ကော်မတီ — ၀၆၇–၄၁၀၀၀၃၂
(ခ) MFSPEA အသင်း — ၀၉–၈၈၃၃၅၃၃၅၈

**မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်း**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၇/ဃ/တိုးချဲ့၊ လူနေရပ်ကွက်အမှတ်–၁၃၊ ကုန်းဘောင်လမ်း၊ မြေကွက်အမှတ်(၁၃၃၃)ဟုခေါ်တွင်သော ဦးထွန်းလှအမည်ပေါက် မြေချပါမစ်မြေအမျိုးအစား၊ (၄၀ x ၆၀) ပေရှိ မြေကွက်၊ အိမ်နှင့် ရေမီးအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ဒေါ်နွယ်နွယ်ထွန်း [၁၂/လမန(နိုင်) ၁၃၄၄၆၀] မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်စန်းသီတာ [၁၂/မဂဒ(နိုင်)၀၉၉၂၇၄] မှ ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်း အဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)အထောက်အထာ စုံလင်စွာဖြင့် ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်မိတ်ဆွေမှ ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်စန်းသီတာ**
**[၁၂/မဂဒ(နိုင်)၀၉၉၂၇၄]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြဒါလီအောင်(LLB,D.B.L)**
**အထက်တန်းရှေ့နေ (စဉ်–၃၂၇၄၄)**
**အမှတ်–၈၀၈၊ သာစည်လမ်း၊ ၁၀/၃၃ ရပ်ကွက်၊ရွှေပြည်သာမြို့နယ်။**
**ဖုန်း–၀၉–၂၅၈၃၁၇၂၇၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄စီ)၊ ပုသိမ်ညွှန့်စံပြရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၆၃)ဟုခေါ်တွင်သော (၂)ခန်းတွဲ(၇)ထပ်တိုက်၏ (၇လွှာ/B) (ခြေရင်းဘက်ခြမ်း)၊ အကျယ်အဝန်း(၁၅ x ၆၀)ပေ အကျယ်ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသည့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလပိုင်ဆိုင်သူ ကန်ထရိုက်တာထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူများဖြစ်သည့် (၁) ဒေါ်ဟေမာန်ဦး [၆/ကသန(နိုင်)၀၆၅၈၁၃]၊ (၂) ဒေါ်မေဆုပန် [၆/ကသန(နိုင်)၀၈၅၀၀၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုရတနာဖြိုး [၁၂/တမန(နိုင်)၁၂၇၀၇၆]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီရိဝင်း (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၁၁၀) (၂၉–၇–၂၀၁၄)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း–၀၉–၄၅၀၀၁၉၇၄၅**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်နေ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်မိုးဝင်း [၁၂/သဃက(နိုင်)၁၀၉၇၈၆] ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ–

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်(၃၂/ခ+၃၄/ခ) ဟုခေါ်တွင်သော မြေပေါ်တွင်တည်ဆောက်ထားသော (၂)ခန်းတွဲ (၃ ၁/၂) ထပ်တိုက်မှ မြေညီထပ် (ခြေရင်းခန်း)၊ အကျယ်အဝန်း (အလျား ၁၂ ၁/၂ ပေ x အနံ ၅၀ ပေ) ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်ခင်ခင်အေး [၁၂/လသန(နိုင်) ၀၁၆၆၉၂] နှင့် ဒေါ်ပြုံး [၁၂/ပဇတ(နိုင်)၀၂၇၂၂၅] တို့ထံသို့ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မိုးဝင်းက ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုမည့်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည်ဆိုပါက မည်သူမဆို အထောက်အထားခိုင်မာစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဇင်သင်းအောင်** | **ဒေါ်ယမင်းလတ်** | **ဦးသက်ပိုင်ဝင်း** |
| **LL.B,B.D.S, WIPO (Switzerland)** | **LL.B, D.B.L WIPO (Switzerland)** | **LL.B** |
| **စဉ်–၁၄၄၇၉/၂၀၁၈** | **စဉ်–၈၅၆၄/၂၀၁၂** | **စဉ်–၅၃၅၆၆/၂၀၂၀** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**ရုံး–အမှတ် (၉/၁၁)၊ ပထမထပ်၊ (၁၀၃–H) ၊ ၃၆–လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉– ၅၀၅၃၄၆၈၊ ၀၉–၇၇၅၀၅၃၄၆၈၊ ၀၉–၅၁၈၁၂၁၀**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ကိုယ်ချင်းစာသည့်အပိုင်း၌ သဘောကောင်းခြင်းနှင့် စေတနာကောင်းခြင်းကို ခွဲခြားသိမြင်နိုင်ရန်လိုပြီး ရေတိုအလုပ်ဖြစ်စေရန် သဘောကောင်းသည်မျိုးမဟုတ်ဘဲ ရေရှည်အကျိုးကိုကြည့်ပြီး စေတနာထားဆောင်ရွက်သွားကြရမည်ဖြစ်...

❖ ကွပ်ကဲအုပ်ချုပ်မှု အောင်မြင်ရန်အတွက်လည်း မိမိအုပ်ချုပ်ရသည့် လက်အောက်ငယ်သားကို ကျောသားရင်သားမခွဲခြားဘဲ ညီညွတ်မျှတစွာ အုပ်ချုပ်သွားရမည်ဖြစ်...

❖ တစ်ဦးချင်းစီ၏ စိတ်နေသဘောထားနှင့် လုပ်ဆောင်နိုင်စွမ်းများ၊ အားသာချက်နှင့် အားနည်းချက်များကိုလည်း သိရှိအောင် ဆောင်ရွက်ပြီး လူမှန်၊ နေရာမှန် တာဝန်ပေးအပ်နိုင်ရေး လုပ်ဆောင်သွားရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅)သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## အာရှစနူကာ ချန်ပီယံရှစ်ပြိုင်ပွဲ အသင်းလိုက်ပွဲစဉ်တွင် မြန်မာအသင်း ယှဉ်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၁

အာရှဘိလိယက်နှင့် စနူကာချန်ပီယံရှစ်ပြိုင်ပွဲ၏ အသင်းလိုက်စနူကာပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဇူလိုင် ၁ ရက်က ပြုလုပ်ခဲ့ရာ မြန်မာအသင်းသည် အုပ်စု(C)တွင် ကျရောက်နေသည်။

အာရှဘိလိယက်နှင့် စနူကာချန်ပီယံရှစ်ပြိုင်ပွဲကို ဆော်ဒီအာရေဗျနိုင်ငံ၌ ကျင်းပလျက်ရှိပြီး စနူကာတစ်ဦးချင်းပြိုင်ပွဲအပြီးတွင် အသင်းလိုက်ပြိုင်ပွဲ ဆက်လက်ကျင်းပခြင်းဖြစ်သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❍


မြန်မာစနူကာကစားသမား အောင်ဖြိုး ယှဉ်ပြိုင်နေစဉ်။


မြန်မာ ယူ-၁၆ အသင်း ကစားသမားများ လေ့ကျင့်နေမှုကို တွေ့ရစဉ်။

## အာရှဖလား ယူ-၁၇ ခြေစစ်ပွဲနှင့် MNL ယူ-၂၀ ပြိုင်ပွဲအတွက် မြန်မာ ယူ-၁၆ အသင်း ပြန်လည်လေ့ကျင့်

ရန်ကုန် ဇူလိုင် ၁

မြန်မာ ယူ-၁၆ အသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် ပြည်တွင်း ပြည်ပပြိုင်ပွဲများအတွက် ဇူလိုင် ၁ ရက်မှစ၍ ပြန်လည်လေ့ကျင့်လျက်ရှိသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❂

## အိန္ဒိယလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအတွက် မြန်မာအမျိုးသမီးအသင်း ဆက်လက်ပြင်ဆင်

ရန်ကုန် ဇူလိုင် ၁

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အိန္ဒိယလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲများအတွက် လေ့ကျင့်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းကို ကစားသမား ၃၀ ဖြင့် ဖွဲ့စည်းထားသော်လည်း ထိုင်းကလပ်အသင်းတွင် သွားရောက်ကစားနေသည့် အသင်းခေါင်းဆောင် ခင်မာလာထွန်းမှာမူ ဇူလိုင် ၈ ရက်မှ စတင်ပူးပေါင်းနိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇွန် ၁၆ ရက်မှစ၍ စခန်းဝင်လေ့ကျင့်နေခြင်းဖြစ်ပြီး အိန္ဒိယအသင်းနှင့်

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖



မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကစားသမားများ လေ့ကျင့်နေမှုကို တွေ့ရစဉ်။

### ယနေ့ ဖတ်စရာ

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တို့တွင် တရားမဝင်အွန်လိုင်းလောင်းကစား လုပ်ကိုင်သူ မြန်မာနိုင်ငံသား ၁၂ ဦးနှင့် တရုတ်နိုင်ငံသား ၂၉၅ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

စာမျက်နှာ » ၁၅